# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 3 June 2023 ၁၁၁၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅

**ကျောင်းအပ်နှံမှုနောက်ကျသူများ ကျောင်းလာရောက်အပ်နှံပါက ဇွန်လကုန်ရက်အထိ ကျောင်းအပ်လက်ခံပေးမည်**

စာမျက်နှာ » ၁၀

**၂၀၂၃ ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၄

**ဇွန်လ ပထမ ၁၀ ရက်ပတ် အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်**

စာမျက်နှာ » ၁၈


# အကြောင်းတရားတို့ ပေါင်းဆုံစုစည်းညီညွတ်ရာမှသည် ရွှေရောင်ကာလတစ်ခုဆီသို့ ...

**မိုးကေနိုင်**

အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်သည့်အခါ ကောင်းသောအကျိုးတရားတို့သည် ထွက်ပေါ်စမြဲသာ။ အကြောင်းကောင်း၍ အကျိုးကောင်းဖြစ်ရသည်။ အချို့သော ရလဒ်ကောင်းများဟူသည် ချက်ချင်းလက်ငင်းရရှိလာသည်မဟုတ်၊ တစ်ဆင့်ချင်း တစ်ဆင့်ချင်း တည်ဆောက်ယူရသည်ကို ယနေ့ကာလ အားကစားကဏ္ဍ တိုးတက်မှုအချို့က ပြသနေသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့ကို ဖွင့်ပွဲအခမ်းအနားတွင် တွေ့ရစဉ်။


Reg : 219/99
ရွှေရည်ပြည့်မှန်... အာမခံသည်....
အောင်သမာဓိ
စိန်ရွှေရတနာဆိုင် နှင့် ရွှေသန့်စင်လုပ်ငန်း
ဦးအောင်၏ မွေးနေ့အလှူတော် ကံစမ်းမဲ အစီအစဉ်
"တတိယအကြိမ်"
ရွှေတံမံပိဿာ နှင့် ကား(၃)စီး
ကျပ်သိန်း(၁၅၀)
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ
အောင်သမာဓိဆိုင်တိုင်းတွင်
ကံစမ်းမဲများပေးနေပါပြီ
နေ့စဉ်ဆိုင်ပိတ်ရက်မရှိဖွင့်လှစ်ထားပါသည်။
Hotline No. 01-8377733, 02-4071744 , 067-3432655
ကံစမ်းမဲဖွင့်လှစ်မည့်ရက်- ၃၁.၁၂.၂၀၂၃

ကြေးမုံ

# နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့များသည် ထူးထူးခြားခြားယှဉ်ပြိုင် အောင်ပန်းဆွတ်ခူးနိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/ နည်းပြ ၁၀၄ ဦး စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့သည်။

၁၉၈၁ ခုနှစ်နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများသို့ ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများအနက် ယခုပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ အများဆုံးရယူပေးနိုင်ခဲ့သည်။ ဘောလုံးပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးအသင်းနှစ်သင်းလုံးသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြသည်မှာ ပြည်သူတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။ အမျိုးသမီးဘောလုံးအသင်းသည် အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရပြီး အကြိုဗိုလ်လုပွဲ၌ အာဆီယံတွင် အင်အားကြီး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲသို့ ပြန်လည်တက်နိုင်ခဲ့၍ မိဘပြည်သူများအား အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုကိုပေးနိုင်ခဲ့သည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းအရေအတွက်၊ အားကစားသမားများ ပါဝင်မှုအချိုးအစားအရ ၁၉၈၁ ခုနှစ်နောက်ပိုင်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲသမိုင်းတွင် အောင်မြင်မှုရာခိုင်နှုန်းအမြင့်မားဆုံးပြိုင်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်အောင်၊ ဆုတံဆိပ်များ အများဆုံးရရှိအောင် ရေကုန်ရေခန်းအစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်မယ်များနှင့် အသင်းအုပ်ချုပ်သူ/နည်းပြများကိုပါ တစ်ဦးချင်းစီအား မည်သည့်ခေတ်အခါမျှမရဖူးသည့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့သည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခြင်းအတွက် ဝမ်းသာဂုဏ်ယူမိသကဲ့သို့ မြန်မာနိုင်ငံသားအားလုံးက လိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ အရှိန်အဝါကြီးမားခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များ လွှမ်းမိုးနိုင်အောင် ကြိုးပမ်းကြရန်” အားကစားသမားများနှင့်အဖွဲ့ချုပ်များကို တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်က အောင်ပွဲရအားကစားသမားများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးခဲ့ခြင်းသည် အနာဂတ်ကာလ မြန်မာ့အားကစားကဏ္ဍတစ်ခုလုံး ပိုမိုအောင်မြင်မှုရရှိပြီး တောက်ပြောင်လာအောင် တွန်းအားပေးလိုက်ခြင်းဖြစ်သည်။ လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ယှဉ်ပြိုင်နိုင်မည့် အားကစားနည်းအရေအတွက်သာမက အားကစားသမားများအရေအတွက်ကိုပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များကို နိုင်ငံတော်အကြီးအကဲက ကြိုတင်အသိပေးမှာကြားခဲ့သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်မားဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို တိုင်းတာမှတ်ကျောက်တင်သည့် အားကစားပြိုင်ပွဲကြီးတစ်ခုဖြစ်သည်။ ထို့ကြောင့် အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခုထက်ပိုမို ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်သွားကြမည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ မြန်မာအားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး အရှေ့တောင်အာရှအားကစားအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်ရေး ရည်မှန်းချက်များထားရှိကာ စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်ကြပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီ စံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်–

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် – ၀၉–၄၄၁၀၁၉၂၈၃
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် – ၀၉–၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား**
**ကျင်းပရေးဦးစီးကော်မတီ**

## ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါ ၏ အန္တိမစျာပန ပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက်များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဗန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် (၇) နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက်၊ (၃–၆–၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ။
(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက်၊ (၄–၆–၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ။
(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက်၊ (၅–၆–၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

**တရားပွဲဖြစ်မြောက်ရေးကော်မတီ**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂–၆–၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၅၀ | ၄၀၅,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂,၇၂၂ | ၇,၈၉၃,၈၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁၅၈ | ၁,၁၅၃,၄၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၆,၂၀၉ | ၉,၀၀၃,၁၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၃၂ | ၇၈,၄၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁





ဇွန် ၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရွှေဖုံးမှ

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရယူမည်ဆိုလျှင် အခြေခံအုတ်မြစ်ကောင်းများ ခိုင်ခံ့အောင် ဦးစွာပြုလုပ်ယူရသည်။ အခြေအနေဖန်တီးနိုင်မှု အပါအဝင် အဘက်ဘက်က အခက်အခဲ၊ အနှောင့်အယှက်၊ ထိခိုက်နစ်နာမှု၊ အားနည်းချက်များစွာရှိနေသည့် အခြေအနေမှာဆိုလျှင် ပိုဆိုးသည်။ အရင်းအမြစ်နှင့် သွင်းအားစု inputs တို့ ချို့တဲ့လှသည့်အခြေအနေများမှာ ရလဒ်ကောင်းများဖြင့် အကောင်းဆုံး outcomes ကို ရယူနိုင်ဖို့ဆိုလျှင် ဦးဆောင်မှုနှင့် ကောင်းမွန်ထိရောက်သော efficient ဖြစ်သည့် စီမံခန့်ခွဲမှုကသာ အရေးကြီးဆုံးဖြစ်သည်ကို ပြီးစီးအောင်မြင်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးက ပြသနေပါသည်။

**အားပေးမှုအခွင့်အလမ်းအောက်မှာ အားသာချက်များတည်ဆောက်**

အထက်ပါယူဆချက်ကို အောင်မြင်မှုများရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့် အခမ်းအနားကြီးနှင့် ထိုအခမ်းအနားတွင် နိုင်ငံအကြီးအကဲ၏ ဂုဏ်ပြုမှတ်ချက်စကားနှင့် လမ်းညွှန်မှာကြားချက်များတွင် ထင်ဟပ်နေသည်။ ကာလအတန်ကြာ အားနည်းနေသည့် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို အဆင့်ဆင့်ပြန်လည်စနစ်တကျဆောင်ရွက်ရမည်ဟူသည့် လမ်းညွှန်ချက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ကတည်းကပင် မှတ်သားခဲ့ရဖူးသည်။



ဇွန် ၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မစန္ဒီဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

**နိုင်ငံတစ်နိုင်ငံ အားကစားကောင်းမွန်ရန်ဆိုလျှင် အားကစားကွင်းကောင်းရှိရမည်။ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်။ နည်းစနစ်ပိုင်း၊ နည်းပြပိုင်း ကောင်းမွန်ရမည်။ အားပေးထောက်ပံ့သည့် ပရိသတ်ရှိရမည်၊ ပြည်သူပါရမည်။ ပါရမီရှိသော၊ ကျွမ်းကျင်သော အားကစားသမားများ ရှိရမည်။** ထိုအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် တစ်ခုချင်း ဖြည့်ဆည်းပံ့ပိုးပေးနေသည်ကို တွေ့ရပါသည်။

ကျွန်တော်ထင်ပါသည်။ လက်ရှိနိုင်ငံတော်အကြီးအကဲသည် အားကစားကဏ္ဍကို အထူးအားပေးပုံရသည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတစ်ဝန်းခရီးစဉ်များတွင် အားကစားကွင်းများစွာကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆင့်မီပြုပြင်မွမ်းမံရေး လမ်းညွှန်မှာကြားခြင်းနှင့် အားကစားအထောက်အကူပြု ပစ္စည်းများစွာ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်သည်ကို သတင်းများတွင်တွေ့မြင်ရသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ သုဝဏ္ဏ အားကစားရုံကြီးမှာလည်း မြန်မြန်ဆန်ဆန် ပြန်လည်အဆင့်မြင့်မားလာခဲ့သည်။ တစ်နိုင်ငံလုံးက ဘောလုံးကွင်းများအပါအဝင် အားကစားကွင်းများ ပြန်လည်တိုးတက်လာခဲ့သည်။ အားကစားပြိုင်ပွဲများ၊ လှုပ်ရှားမှုများ ပြန်လည် အသက်ဝင်လာခဲ့သည်။ နိုင်ငံတော် နေ့ကြီးနေ့ထူးများတွင် ကျောင်းသား လူငယ်လေးများ၏ အားကစားလှုပ်ရှားမှုများက နေရာယူလာခဲ့ကြသည်ကို တွေ့ရသည်။

**နိုင်ငံတော်အကြီးအကဲသည် အားကစားကဏ္ဍကို အထူးအားပေးပုံရသည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတစ်ဝန်းခရီးစဉ်များတွင် အားကစားကွင်းများစွာကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆင့်မီ ပြုပြင်မွမ်းမံရေး လမ်းညွှန်မှာကြားခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများစွာ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်သည်ကို သတင်းများတွင် တွေ့မြင်ရသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ သုဝဏ္ဏအားကစားရုံကြီးမှာလည်း မြန်မြန်ဆန်ဆန် ပြန်လည်အဆင့်မြင့်မားလာခဲ့သည်။ တစ်နိုင်ငံလုံးက ဘောလုံးကွင်းများအပါအဝင် အားကစားကွင်းများ ပြန်လည်တိုးတက်လာခဲ့သည်။ အားကစားပြိုင်ပွဲများ၊ လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာခဲ့**

ယခု နိုင်ငံတော်အကြီးအကဲသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဘဝကပင် အားကစားနှင့်ပတ်သက်၍ အထူးအားပေးခဲ့သူဖြစ်သည်။ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်အားကစားနှင့် ကာယပညာကော်မတီများ ဖွဲ့စည်းပြီး တပ်မတော်အားကစားကို မြှင့်တင်ခဲ့သည်။ နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများ ပေါ်ထွန်းလာရေး အစဉ်တစိုက် အားပေးဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ပြိုင်ပွဲများ၊ ဝန်ကြီးဌာနအားကစားပြိုင်ပွဲများ ပို၍ သွက်သွက်လက်လက်ရှိလာကြသည်ကို သတိထားမိသည်။ နိုင်ငံအနှံ့ နေရာအနှံ့ talent ဖြစ်သော၊ ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပိုင်နိုင်သော အားကစားရွက်ပုန်းသီးများ မြေလှန်ရှာဖွေစုဆောင်းလေ့ကျင့်မည့် သတင်းစကားများကိုလည်း ကြားသိလာရသည်။ ကစားသမားဘက်ကချည်းမဟုတ်၊ နည်းစနစ်ပိုင်းတိုးတက်ဖို့ နည်းပြကောင်းများ ခန့်အပ်တာဝန်ပေးမှုများကိုလည်း မြင်ရပြန်သည်။ မြန်မာ့ရိုးရာ အားကစားနည်းများကို နိုင်ငံတကာပြိုင်ပွဲများမှာ ထည့်သွင်းကျင်းပလာနိုင်ရေးအတွက် ရိုးရာအားကစားနည်းအလိုက် ကမ္ဘာကသိလာအောင် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်နေမှုများလည်း ရှိလာခဲ့ပြီဖြစ်သည်။

**ကြိုတင်ပြင်ဆင်မှုနှင့် ထောက်ပံ့အားပေးမှုကောင်းခြင်းမှ ရရှိလာသည့် အောင်မြင်မှု**

ဘယ်အရာမဆို ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်းနှင့် ထောက်ပံ့အားပေးမှုက အောင်မြင်မှုဂုဏ်ကို ဆောင်ယူစမြဲဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ သောသောညံ အားပေးလက်ခုပ်သံများကိုလည်း မေ့ထား၍မရ၊ အဘယ်သို့သော နိုင်ငံအရေးကိစ္စမှန်သမျှ ပြည်သူမပါဘဲ မအောင်မြင်နိုင်ဟူသော အယူအဆသည် ဤဆီးဂိမ်းပြိုင်ပွဲကစ၍ ပို၍ထင်ရှားလာသည်ကို သတိပြုမိသည်။ နိုင်ငံတော်အလံကို တိုင်ထိပ်ဖျားဆီ လွှင့်တင်နိုင်ရုံမက နိုင်ငံအလံကိုလွှမ်းခြုံ၍ ကွင်းထဲပတ်ပြေး ပရိသတ်ကို နှုတ်ဆက်အောင်ပွဲခံ၊ နိုင်ငံတော်သီချင်းကိုလည်း အဝေးဆီတိုင် လွင့်ပျံ့အောင် စွမ်းဆောင်ခဲ့ကြသည့် မြင်ကွင်းများကား အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပုံကို ပြသနေသည်။

အားကစားပွဲများတွင် အနိုင်ရ၍ မြန်မာ့အလံ လွှင့်တင်ဂုဏ်ပြုခံရတိုင်း၊ မြန်မာနိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုခံရတိုင်း ဖြစ်ပေါ်လာသည့် ဂုဏ်ယူစိတ်ကို ဘာနဲ့မှ လဲလို့ရမည်မထင်။ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ပါသည်။ မြန်မာကို ကမ္ဘာကသိအောင် လုပ်ဆောင်ပေးနေခြင်းဖြစ်ပါသည်။ မြန်မာကို ဂုဏ်ယူလိုစိတ်၊ မြန်မာ စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။

ယှဉ်ပြိုင်ခွင့်ရှိသည့် အားကစားနည်းပေါင်း ၃၆ နည်းအနက် ၁၉ နည်း(၅၂ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့်)မှာသာ ယှဉ်ပြိုင်စွမ်းရှိခဲ့သည်။ အားကစားသမား ၃၄၁ ဦး (ယှဉ်ပြိုင်သူ နိုင်ငံစုံမှ အားကစားသမားများ၏ ၅ ဒသမ ၅ ရာခိုင်နှုန်း)၊ နည်းပြ ၁၀၄ ဦးပေါင်း ၄၄၅ ဦးဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအထဲမှ အားကစားနည်းရှစ်နည်းတွင် ရွှေတံဆိပ် ၂၁ ခု ဆွတ်ခူးခဲ့ကြသည်။ ကျန် ကိုးနည်းတွင် ငွေ ၂၅ ခု၊ ကြေး ၆၈ ခု ပေါင်း ဆုတံဆိပ် ပေါင်း ၁၁၄ ခုတို့ ရရှိခဲ့ကြသည်။ **စာမျက်နှာ ၄ သို့ »»**




(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဗိုဗီနမ်(အားနစ်)အမျိုးသားအလွတ်တန်း စွမ်းရည်ပြ အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ပြီး မြန်မာနိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုကာ မြန်မာနိုင်ငံတော်အလံ လွှင့်တင်စဉ်။

»»» **စာမျက်နှာ ၃ မှ**

မြန်မာပြည်သူတို့ အားပေးမှုအများဆုံး ဘောလုံးပြိုင်ပွဲမှာ အမျိုးသမီးအသင်းက အစဉ်အလာပြိုင်ဘက် ထိုင်းအသင်းကို အနိုင်ယူ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီးမှ ဘောလုံးအင်အားကြီး ဗီယက်နမ်ကို အရေးနိမ့်ခဲ့ရသည်။ အမျိုးသားအသင်းကလည်း အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ မြန်မာအားကစားတစ်ဖွဲ့လုံးသည် နိုင်သင့်သည့်ပွဲများတွင် ပြိုင်ဘက်များကို ဂုဏ်သိက္ခာရှိရှိ အနိုင်ယူခဲ့ကြသည်ဖြစ်၍ အတိုင်းအတာတစ်ခုအထိတော့ မြန်မာပြည်သူတို့ ကျေနပ်ခဲ့ကြသည်ဟု ဆိုရပါမည်။

**အားကစားသမိုင်းတစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုလည်း စိုက်ထူနိုင်ခဲ့ပြီ**

ဆက်လက်၍မြန်မာအားကစားအဖွဲ့၏ နှစ်အလိုက် အောင်မြင်မှုအတိုင်းအဆကိုလည်း ခန့်မှန်းကြည့်ကြပါစို့။ ယခုတစ်ကြိမ် အောင်မြင်မှုကို ၁၉၈၁ ခုနှစ်နောက်ပိုင်း အိမ်ရှင်အဖြစ်ကျင်းပသော အခြားနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်များနှင့် နှိုင်းယှဉ်လေ့လာလျှင် ၃၃ ဒသမ ၄၃ ရာခိုင်နှုန်း အများဆုံးသော ရာခိုင်နှုန်းဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ ဆီးဂိမ်း (၂၇)ကြိမ်မြောက်မှ ယခု (၃၂)ကြိမ်မြောက်အထိ အောင်မြင်မှုအခြေအနေ အကဲဖြတ်ဆန်းစစ်ချက်က ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်သလို အချိုးအားဖြင့်လည်း အမြင့်ဆုံးဖြစ်သည်ကို လေ့လာမိသည်။

(၃၁)ကြိမ်မြောက် ပြိုင်ပွဲတုန်းကမှု ဖိအားများကြားမှ နည်းနည်းနှင့် ကျဲကျဲဝိုင်းခဲ့ရသည်။ ယခု (၃၂)ကြိမ်မြောက်တွင်မူ ပို၍ပြည့်စုံသည့် နိုင်ငံတော်ဘက်က ကျေနပ်ဖွယ်ရာ ပြင်ဆင်ပေးမှု၊ အားပေးထောက်ကူမှု၊ ကဏ္ဍအလိုက် အားထည့်မှုအစုံအစုံကို တွေ့မြင်ခဲ့ရသည်။

ပြီးခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွက်ခဲ့ခြင်းမှာ အမြတ်တစ်ခုပင်ဖြစ်သည်။ ထူးချွန်ပြောင်မြောက်သော အရည်အသွေးကောင်းများနှင့် မဆုတ်မနစ်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စိတ်ဓာတ်ကောင်းများ ပိုင်ဆိုင်ရာ တကယ့်အားကစားသမားကောင်းများပင်ဖြစ်သည်။ သူတို့သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆုတံဆိပ်များရယူပေးခဲ့ပြီး သမိုင်းမှတ်တမ်းကောင်းတစ်ခုဖြင့် အားကစားမှတ်တိုင်တစ်ခုကို အောင်အောင်မြင်မြင် စိုက်ထူနိုင်ခဲ့ကြသည်။

**ပြီးခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွက်ခဲ့ခြင်းမှာ အမြတ်တစ်ခုပင်ဖြစ်သည်။ ထူးချွန်ပြောင်မြောက်သော အရည်အသွေးကောင်းများနှင့် မဆုတ်မနစ်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စိတ်ဓာတ်ကောင်းများပိုင်ဆိုင်ရာ တကယ့်အားကစားသမားကောင်းများပင်ဖြစ်သည်။ သူတို့သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆုတံဆိပ်များ ရယူပေးခဲ့ပြီး သမိုင်းမှတ်တမ်းကောင်းတစ်ခုဖြင့် အားကစားမှတ်တိုင်တစ်ခုကို အောင်အောင်မြင်မြင် စိုက်ထူနိုင်ခဲ့ကြ**

မဖြစ်နိုင်ဘူးဟု ထင်သည့်အရာများကို ဖြစ်အောင်လုပ်ခဲ့ကြသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် အားကစားမှတ်တိုင်တစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုအဖြစ်လည်း တွင်ခဲ့ပါပြီ။ နည်းပြ/အုပ်ချုပ်သူများကော အားကစားသမားများပါ နိုင်လိုစိတ်ပြင်းပြစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်မှာ မှတ်တမ်းတစ်ခုဖြစ်သည်။ အားကစားကို တန်ဖိုးထားပြီး ကိုယ့်အလုပ်ကိုယ်လုပ် ပရော်ဖက်ရှင်နယ်ပီသစွာ၊ စည်းကမ်းစနစ်တကျရှိစွာဖြင့် ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြ၍ အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုခံထိုက်သူများလည်းဖြစ်သည်။ ပြိုင်ပွဲမဝင်မီကပင် အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့ကြပြီး တာဝန်ရှိသူများဘက်ကလည်း မကြာခဏပင် လေ့ကျင့်ရာကွင်းများရှိ နိုင်ငံလက်ရွေးစင်လောင်းများကို ကြပ်မတ်ကြည့်ရှု အားပေးခဲ့ကြသည်မှာ အောင်ပွဲတစ်ခု၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။

**ဂုဏ်ပြုမှုဖြင့်ထိုက်တန်သူများအတွက် မကြုံစဖူး ထူးကဲသည့် ချီးမြှင့်မှုများ**

သူတို့သည် အမိနိုင်ငံအတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်၍ ထိုက်ထိုက်တန်တန် ချီးမြှင့်ခံထိုက်သူများဖြစ်ကြပါသည်။ နိုင်ငံ့ဂုဏ်ဆောင် တစ်ဦးချင်း ရွှေတံဆိပ်ဆုရ အားကစားသမားတစ်ဦးအတွက် ချီးမြှင့်ငွေမှာ ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေရပါက တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေရပါက ကျပ်သိန်း ၇၀၊ ကြေးရပါက ကျပ် ၃၅ သိန်း၊ နည်းပြ/အုပ်ချုပ်သူများအတွက်မူ ရွှေရပါက ကျပ်သိန်း ၁၀၀၊ ငွေရပါက ကျပ်သိန်း ၅၀၊ ကြေးရပါက ကျပ် ၃၀ သိန်း စသည်ဖြင့် အသီးသီးချီးမြှင့်ခံကြရသည်။ ဗိုလ်လုပွဲနွှဲခဲ့သည့် မြန်မာ အမျိုးသမီး ဘောလုံးအသင်းဆိုလျှင် အမေရိကန်ဒေါ်လာ ငါးသောင်း၊ အကြို ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့် အမျိုးသား ဘောလုံးအသင်းကတော့ ဒေါ်လာ နှစ်သောင်း စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရသည့် သတင်းများကား မိဘပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာများ ပင်ဖြစ်သည်။

ဆုကြေးငွေများအနေဖြင့် စုစုပေါင်း ငွေကျပ် ၃၃၃၃ သန်း၊ အမေရိကန်ဒေါ်လာ ခုနစ်သောင်းဟူသော ပမာဏမှာ ချီးမြှင့်မှုသမိုင်းတစ်လျှောက် များပြားသော ပမာဏတစ်ခုဖြစ်သည်။ ယခုတစ်ကြိမ် ချီးမြှင့်မှုပုံစံသည် အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်အတွက်လည်း တစ်ပိုင်းတစ်စ ဖြည့်ဆည်းရာရောက်သည်ဟု ဆိုချင်သည်။ ဥပမာ ကစားသမားတစ်ဦးရရှိသည့် ချီးမြှင့်ငွေ သိန်း ၃၀၀ ဆိုပါစို့၊ တစ်လငါးသိန်းသုံးသွားမည်ဆိုလျှင် လပေါင်း ၆၀၊ ငါးနှစ်စာအထိ သုံးစွဲ၍ရသည်။ တစ်လ ၁၀ သိန်း သုံးလျှင်ပင် လပေါင်း ၃၀၊ နှစ်နှစ်ခွဲစာ သုံးစွဲ၍ရသည်။ နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။ နှစ်နှစ်တစ်ကြိမ်ပြိုင်ရသည့် ဆီးဂိမ်းတစ်ခုက အောင်မြင်သူ၏ ဘဝအာမခံချက်အတွက် ချီးမြှင့်ပေးရာရောက်သည်ဟု ခံယူသင့်ပါသည်။

နိုင်ငံတော်ဘက်က ငွေကြေးခန ပြည့်စုံနေ၍လည်းမဟုတ်၊ အားကစားသမားဘက်ကလည်း ငွေကြေးမက်မော၍ ယှဉ်ပြိုင်ခြင်းလည်း မဟုတ်ပါ။ နိုင်ငံအတွက်ကြိုးစားဂုဏ်ဆောင်ခဲ့သူများဖြစ်၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည်ပင် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူ၍ဖြစ်ပါသည်။ ထို့ကြောင့် ဆီးဂိမ်းတစ်ခုနှင့်တစ်ခုအကြား နှစ်နှစ်အတွင်းမှာ လုပ်နိုင်၊ ကိုင်နိုင်သမျှ ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးစား လေ့ကျင့်ပါက နောင်ပြိုင်ပွဲများစွာအထိ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို မိမိတို့၏ ဘဝအာမခံချက်သည်လည်း စဉ်ဆက်မပြတ် ပြည့်ဝလာမည်ဟု ယုံကြည်ပါသည်။ ဂုဏ်ပြုမှုဖြင့် ထိုက်တန်သူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းဖြင့် ပို၍ပို၍ စိတ်ဓာတ်ကောင်းလာအောင် အားပေးမြှင့်တင်ခြင်း moral up ဖြင့် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းလိုက်ခြင်းဟု မြင်မိပါသည်။

**ဝဏ္ဏကျော်ထင်ဘွဲ့နှင့် လူမှုထူးချွန်များ ချီးမြှင့်ပေးခဲ့**

နိုင်ငံတော်က ဂုဏ်ပြုမှုများကိုလည်း သတိရမိသေးသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အနက်မှ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦး၊ လူမှုထူးချွန် တတိယအဆင့် ၆၉ ဦးအား ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို **“လူမှုထူးချွန် ပထမအဆင့်”**ပေးအပ်ချီးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို အသက် ၆၀ ပြည့်မြောက်သည့် အချိန်မှစ၍(နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့) သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရပါသည်။ နိုင်ငံတော်က လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်မှုအခြေအနေကို ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ် ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ ငွေတံဆိပ် တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း ငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခုအထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း ငါးသောင်း၊ ရွှေတံဆိပ် ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း၊ ရွှေတံဆိပ်တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ခုနစ်သောင်း၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် သုံးသောင်း တို့ကို ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

**စာမျက်နှာ ၅ သို့ »»»**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

မိုင်းလား ဇွန် ၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ အရှေ့တိုင်းဧည့်ရိပ်မွန်ဟိုတယ်၌ ဒုတိယနေ့အဖြစ် ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/MNDAA)၊ ပလောင် ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးပြတ်သေးသော ကိစ္စများကို ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ပြန်လည်တွေ့ဆုံ၍ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၄ မှ

ယနေ့အထိ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီး ၂၃၀ အား လစဉ် ၁၅၅,၁၀,၀၀၀/- (ကျပ်တစ်ရာငါးဆယ်ငါးသိန်းတစ်သောင်းတိတိ)အား ပုံမှန် ထောက်ပံ့ပေးအပ်လျက်ရှိသည်။

လိုအပ်နေသည့် ကွက်လပ်များကား ရှိနေဦးမည်ဖြစ်သော်လည်း နိုင်ငံလက်ရွေးစင် အားကစားသမားများအတွက် ဘဝအာမခံချက်ရရှိရေး၊ ထိုက်သင့်သည့်ချီးမြှင့်ငွေနှင့် ရပိုင်ခွင့်များကို ဆက်လက်ဖြည့်ဆည်းပေးရမည်ဟု ခံယူထားချက်များ ရှိပြီးဖြစ်သည်ဟု သိရှိရသည့်အတွက် များစွာအားတက်မိပါသည်။ နိုင်ငံ၏ အားကစားလောကနှင့် လက်ရွေးစင် အားကစားသမားများ၏ ဘဝအာမခံချက်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအမြင်နှင့် ဆက်စပ်စဉ်းစားကြည့်မိသည်။ နိုင်ငံလက်ရွေးစင်ဖြစ်ခဲ့ဖူးသူများကို နောင်မျိုးဆက်များအတွက် နည်းပြများအဖြစ် မမြင်သင့်ဘူးလား။ ကိုယ့်လူမျိုး ကိုယ့်လူငယ်တွေအတွက် တာဝန်ယူ၊ တာဝန်ခံပေးမည့် အောင်ပွဲဆာလောင်သည့် ကိုယ့်လူမျိုးနည်းပြများကိုပင် အစဉ်အဆက် နည်းပြတာဝန်ပေးခြင်းဖြင့် အစဉ်ဖွံ့ဖြိုးတိုးတက်နေမည့် အားကစားစက်ဝန်းကို အိပ်မက်မက်နေမိသည်။

**ထင်ရှားအောင်မြင်ခဲ့သည့် မြန်မာ့အားကစား ပြန်လည်နိုးထရန် အခါကောင်း**

တစ်ချိန်က မြန်မာ့အားကစားလောကနှင့် မြန်မာ့အားကစားနည်းအချို့သည် မြန်မာနှင့် ကမ္ဘာတွင်ပါ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည့်၊ အားကျအတုယူဖွယ်ရာများရှိခဲ့သည့် အကြောင်းများစွာကို အားကစားမော်ကွန်းများတွင် ရေးထိုးခဲ့ကြဖူးသည့် မှတ်တမ်းများစွာအား တွေ့မြင်ဖူးကြပါလိမ့်မည်။ နောက်တော့ မြန်မာ့အားကစား တဖြည်းဖြည်းပြန်လည်မှေးမှိန်သွားရပြန်သည်မှာ ကာလအတော်ကြာခဲ့သည်။ ယခုနှစ် ယခုကာလ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာတော့ မြန်မာ့အားကစားလောက ပြန်လည်နိုးထမှုတစ်ခုကို တွေ့မြင်လိုက်ရသလို အားလုံးက ခံစားမိကြသည်။




မေ ၁၀ ရက်က ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အားကစားနည်း (အမျိုးသမီး) ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာကစားသမားများ အောင်ပွဲခံနေစဉ်။

**မြန်မာ့အားကစားလှုပ်ရှားမှုကို မြန်မာ့အမျိုးသားရေးလက္ခဏာများနှင့် ယှဉ်စပ်ထင်ဟပ်ပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင် တန်ဖိုးထားဆောင်ရွက်နေသည်ဟုလည်း ယူဆပါသည်။ ယခုလိုချီးမြှင့်ထောက်ပံ့ခြင်းများအပါအဝင် အားကစားကဏ္ဍကိုမြှင့်တင်ခြင်းပုံစံအမျိုးမျိုးသည်ပင် နိုင်ငံတော်ကာကွယ်ရေးအတွက် အားတစ်ခု၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းလည်းမည်**

တစ်ချိန်က မှတ်တမ်းကောင်းများရှိခဲ့သည့် ရေကူးတင်မောင်နီ၊ တာဝေးအပြေးဘုရင် ရှင်မွေးဂန်း၊ ဘောလုံးလောက၌ ဗဟာဒူး၊ ဂိုးတင်အောင်၊ အေးမောင်လေး၊ အေးမောင်ကြီး၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်းတို့ ထင်ရှားခဲ့သည့် မြန်မာ့ဘောလုံးလောက၊ ဘော်လီဘော၊ လက်ဝှေ့၊ အလေးမ ကျော်သက်၊ ဂျူဒို၊ ဂျနီဖာသန်းသန်းတို့လို ပြေးခုန်ပစ် လက်ရွေးစင်များ ပေါ်ထွန်းခဲ့ဖူးရာ အားကစားနည်းများ ပြန်လည်ထွန်းတောက်လာရေး ရန်းထအားယူရန်၊ အထူးသဖြင့် မြန်မာလူမျိုးတို့ သည်းခြေကြိုက် ဘောလုံးအားကစားပြိုင်ပွဲများ ထူးထူးချွန်ချွန်ဖြင့် ပြန်လည်အောင်မြင်မှုများ ရရှိလာရန်၊ နောက်ဆုံး နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရန် လိုအပ်ပုံများကို နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှာကြားချက်တွင် တွေ့ရသည်က အလေးထားဆောင်ရွက်ရန် ဦးတည်ချက်များပင် ဖြစ်သည်ဟု ခံယူထားရပါမည်။

**နိုင်ငံချစ်စိတ် မျိုးချစ်စိတ်နှင့် ယှဉ်၍**

တကယ်တော့ မြန်မာ့အားကစားလှုပ်ရှားမှုကို မြန်မာ့အမျိုးသားရေးလက္ခဏာများနှင့် ယှဉ်စပ်ထင်ဟပ်ပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင် တန်ဖိုးထား ဆောင်ရွက်နေသည်ဟုလည်း ယူဆပါသည်။ ယခုလိုချီးမြှင့်ထောက်ပံ့ခြင်းများအပါအဝင် အားကစားကဏ္ဍကို မြှင့်တင်ခြင်း ပုံစံအမျိုးမျိုးသည်ပင် နိုင်ငံတော် ကာကွယ်ရေးအတွက် အားတစ်ခု၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းလည်းမည်ပါသည်။

ယခုကဲ့သို့ နိုင်ငံအလိုက်အားကစားအောင်မြင်မှုတွင် ဇွဲ၊ လုံ့လ၊ စွမ်းဆောင်ရည်များနှင့်ထပ်တူ မျိုးချစ်စိတ်အခံလည်းပါမှ အောင်မြင်သကဲ့သို့ ထိုနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အရင်းခံကြောင့်ပင် တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို ရှင်သန်တက်ကြွစေပြန်ပါသည်။ အထူးသဖြင့် လူငယ်များ၏ နိုင်ငံနှင့်လူမျိုးအတွက် အောင်မြင်လိုစိတ် နိုင်လိုစိတ်ပြင်းပြမှု mind set ကို ပြုပြင်ပြောင်းလဲရာ ရောက်စေမည်ဖြစ်သည်။ ထိုမှတစ်ဖန် လူငယ်လူရွယ်များက အားကစားကို ပိုမိုစိတ်ဝင်စားလာကြပြီး ထူးချွန်ထက်မြက်သော အားကစားမျိုးဆက်သစ်များ၊ နိုင်ငံသားကောင်း အမြောက်အမြားကိုလည်း ပေါ်ထွက်လာစေမည်သာဖြစ်ပါသည်။

ယနေ့လူငယ်များ၏ အောင်မြင်မှုများက နောင်လာနောက်သား မျိုးဆက်များအတွက် အားကျအတုယူဖွယ်ရာဖြစ်ပါသည်။ ဆက်လက်ရုန်းထကြမည့် အားမာန်များဖြင့် နိုင်ငံအတွက် အနာဂတ်မှာ ဆက်လက်သက်သေပြကြမည်ကို မြင်ယောင်နေမိပါသည်။ ယခုလို ဖီအားများကြား အချို့သော Amazing come back ပုံစံ ရှားရှားပါးပါး အောင်မြင်မှုမျိုးက နောင်မျိုးဆက်များအတွက် စံနမူနာပြဖြစ်နေသည်ကတော့ အသေအချာပင် ဖြစ်၍ ယနေ့လူငယ်များအတွက် စဉ်ဆက်မပြတ် အောင်မြင်မှုများ ဆက်တိုက်ရရှိရန် အားသာချက်များစွာကို ထပ်ဆင့်ပံ့ပိုးပေးပါလိမ့်မည်။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရသမျှအင်အားဖြင့် နောက်တစ်ကြိမ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးအထိ ဆက်လက်သယ်ဆောင်သွားကြမည်ဟု ပြည်သူတစ်ရပ်လုံးက ယုံကြည်ပြီးလည်းဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အားကစားအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်၍ ယခုကတည်းကပင် စုဖွဲ့လေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်ကြရပါတော့မည်။ ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲကလည်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အားပေးနေချိန် အောင်မြင်ရေးအတွက် အရှိန်အဟုန်ကောင်းများ စနေချိန်ထက်ကောင်းသောအချိန် မရှိတော့ပါ။ စုစည်းညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားကြရန်သာ လိုပါမည်။ သို့မှသာ ယနေ့အားကစား အောင်မြင်မှုမှတစ်ဆင့် နိုင်ငံနှင့် ပြည်သူအတွက် သွေးသစ်လောင်းနိုင်မည့် အစဉ်အလာကောင်းတစ်ခုကို မွေးဖွားနိုင်မည်ဖြစ်ကာ နိုင်ငံအတွက် အတိတ်နိမိတ်ကောင်းများစွာကိုလည်း သယ်ယူဆောင်ကြဉ်းပေးနေမည်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ပြည်တော်သာ(စစ်တွေ)- ရေချမ်းပြင် ရထားလမ်းပိုင်း၊ စစ်တွေမြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်တော်သာ (စစ်တွေ)-ရေချမ်းပြင် ရထားလမ်းပိုင်း၊ စစ်တွေမြို့ရှိ တက္ကသိုလ်များနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ ပြည်တော်သာ(စစ်တွေ) ဘူတာသို့ ရောက်ရှိကြရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မိုခါမုန်တိုင်းဒဏ်ကြောင့် ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင် ရထားလမ်းပိုင်းအတွင်းရှိ ဘူတာများ၊ ဝန်ထမ်းနေအိမ်နှင့် မြန်မာ့မီးရထားပိုင် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရထားပြေးဆွဲမှုနှင့် ရထားလမ်းပိုင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်တော်သာ(စစ်တွေ) ဘူတာ၌ ရထားပြေးဆွဲမှုနှင့် ရထားလမ်းပိုင်းအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ပြည်တော်သာ(စစ်တွေ)ဘူတာမှ ပြည်တော်သာ-စစ်တွေ-ဇော့ပူဂျာ-ရေချမ်းပြင် မီးရထားခရီးစဉ်ဖြင့် ရေချမ်းပြင်ဘူတာသို့ လိုက်ပါစီးနင်းပြီး မီးရထားလမ်းတစ်လျှောက် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဘူတာများနှင့် ရထားလမ်းတာပေါင်ပြိုကျနေမှုများကို အမြန်ပြုပြင်ဆောင်ရွက်ရန်၊ ရထားလမ်းပိုင်း တောင့်တင်းကြံ့ခိုင်စေရေး စစ်ဆေးပြုပြင်ဆောင်ရွက်ရန်၊ ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့သောကြောင့် တံတားများကြံ့ခိုင်မှုရှိစေရေး ပြန်လည်စစ်ဆေးပြုပြင်ရန်၊ ပျက်စီးသွားသည့် ဘူတာဆိုင်းဘုတ်များကို စနစ်တကျ ပြန်လည်တပ်ဆင်ရန်နှင့် ဘူတာအင်္ဂါရပ် စုံလင်အောင် ပြန်လည်စစ်ဆေးပြုပြင်ရန်၊ တက္ကသိုလ်ကျောင်းသားများ အများဆုံး အသုံးပြုလျက်ရှိသော လမ်းပိုင်းဖြစ်သောကြောင့် ရထားပြေးဆွဲချိန်များ မှန်ကန်စေရန်နှင့် ဘူတာများတွင် ခရီးသည်နားနေထိုင်ခုံများ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားမှုကို ပြုပြင်ပေးရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင် ရထားလမ်းသည် ၁၁ ဒသမ ၄၆ မိုင်ရှိ၍ ၂၀၁၉ ခုနှစ် မေ ၁၉ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လမ်းပိုင်းအတွင်း ပြည်တော်သာ၊ စစ်တွေ၊ ဇော့ပူဂျာ၊ ရေချမ်းပြင် ဘူတာ လေးဘူတာနှင့် စစ်တွေတက္ကသိုလ်၊ မင်းဂံ၊ ဒါးပိုင်၊ ငပွန်းကြီး၊ မဲဇလီကုန်း ရပ်စခန်း ငါးခုထားရှိကာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ ခရီးသွားလာမှု အထောက်အကူဖြစ်စေရေးအတွက် ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင် ခရီးစဉ်ကို RBE ရထားဖြင့် နေ့စဉ် အသွားအပြန် နှစ်ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ ရောက်ရှိပြီး စာသင်ခန်းများ ပြင်ဆင်ထားမှု အခြေအနေ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေနှင့် သွားလာရေး အဆင်ပြေစေရန် ဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို မေးမြန်းပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စာသင်ဆောင်များနှင့် ဆက်စပ်အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ပြုပြင်သွားမည့် အစီအမံများ၊ လက်ရှိသင်ကြား သင်ယူမှု ပြုလုပ်နိုင်သည့် စာသင်ခန်းနှင့် ကျောင်းသားအရေအတွက်၊ ဆရာနှင့် ကျောင်းသားအချိုး၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် သွားလာရေးကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်တွေတပ်နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ၁၁ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေ၊ ကျောင်းဆောင်နှင့် စာသင်ခန်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မေးမြန်းကြည့်ရှုကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အလှူရှင်များ ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် အခြေခံစားသောက်ကုန် ပစ္စည်းများကို ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။

ယနေ့လှူဒါန်းပွဲတွင် ASIA DESTINY ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ရွှေရတီကြယ် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ အောင်မြင်မြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀ နှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)YRO က ဆန်အိတ် ၃၀ နှင့် ဆီ ၅၀ ကျပ်သားဘူး ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများ ထပ်မံရောက်ရှိမှု၊ ဖြန့်ခွဲသွားမည့် အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စားရေရိက္ခာများ ဖြန့်ခွဲရာတွင် အမှန်တကယ် လိုအပ်ချက်ရှိသော နေရာဒေသများရှိ ဘေးဒဏ်သင့်ပြည်သူများထံသို့ ဦးစားပေးဖြန့်ခွဲနိုင်ရေး စီမံဆောင်ရွက်ရန်၊ ထောက်ပံ့ရေးပစ္စည်းများ အတင်အချနှင့် ပို့ဆောင်ဖြန့်ခွဲရာတွင် အချိန်ကြန့်ကြာမှု မရှိအောင် ဆောင်ရွက်သွားရန် မှာကြားပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေးနှင့် လုပ်ငန်းများ လျင်လျင်မြန်မြန် ပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



မီးရထားအိမ်ထောင်သည်လိုင်းများ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးသည်ကို တွေ့ရစဉ်။



ပြည်တော်သာ - စစ်တွေ-ဇော့ပူဂျာ-ရေချမ်းပြင် မီးရထားလမ်းတစ်လျှောက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သောကြောင့် ရထားလမ်းတာပေါင်များ ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အလိုတော်ပြည့်ဆရာတော်အား ဖူးမြော်၊ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး၊ ရန်ပုံငွေ ပဒေသာဖျော်ဖြေပွဲ ကြည့်ရှုအားပေး



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဇွန် ၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် သက်တော် (၇၉) နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာကျင်းပသည့် အလိုတော်ပြည့် ဆရာတော်ကြီးအား ဖူးမြော်ပြီး အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကာ ညပိုင်းတွင် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်သည့် ရန်ပုံငွေ ပဒေသာဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

## ဖူးမြော်ကြည်ညို

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့သွားရောက်ပြီး သက်တော် (၇၉) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူမင်္ဂလာကျင်းပသည့် အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသအား သွားရောက်





ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်သည့် ရန်ပုံငွေပဒေသာကပွဲ ဖျော်ဖြေတင်ဆက်စဉ်။

ဖူးမြော်ကြည်ညိုပြီး မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်မှုများအပါအဝင် သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဩဝါဒခံယူကာ ဆရာတော်မွေးနေ့အထိမ်းအမှတ် အလှူငွေပေးအပ်လှူဒါန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွက် ရွေးချယ်မည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအတွက် အဖွဲ့များ ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများမှာ ပဏာမအဆင့် ဆောင်ရွက်ပြီးစီးနေပြီကို တွေ့ရှိရကြောင်း၊ စစ်မှန်သည့် စာပေဆုနှင့် စာမူဆုများပေးနိုင်ရန် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ဆွေးနွေးပေးစေလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ထုတ်ဝေသည့် စာအုပ်များ မကျန်ရှိစေရန် ပညာရှင်ကြီးများ အနေဖြင့်လည်း စိစစ်ပြီး ဆောင်ရွက်စေလိုပါကြောင်း၊ စာပေနှင့်ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော စာပေဆုပေးပွဲကိုလည်း နေပြည်တော်တွင် ကျင်းပရန်ရှိပါကြောင်း။

စာပေနှင့် လူငယ်ကဏ္ဍ တိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများက စာပေဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ လူငယ်များအတွေးမှန်၊ အမြင်မှန်ရရှိစေမည့် စာအုပ်များကို ရေးသားထုတ်ဝေစေလိုပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် စာပေများ ပေါ်ထွန်းလာစေလိုပါကြောင်း၊ စာပေကဏ္ဍကို ယခုထက်မကမြှင့်တင်နိုင်ရန် ဆောင်ရွက်စေလိုပါကြောင်း၊ ယခုနှစ်ပေးအပ်မည့် စာပေဆုများကို အတတ်နိုင်ဆုံး၊ အမှန်ကန်ဆုံး၊ စိစစ်ပြီး ပေးသင့်ပေးထိုက် ရသင့်ရထိုက်သူများ ရစေလိုပါကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများ စိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဆရာဦးစိန်လှိုင် (သူရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသူများက ဆုရွေးချယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများနှင့်အတူ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ညနေ ၆ နာရီတွင် ဖျော်ဖြေမှုအစီအစဉ်များကို စတင်ရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဧည့်ခံတီးလုံးဖြင့် စတင်ဖွင့်လှစ်ပြီး ပဏာမ အဖွင့်တီးလုံးဖြင့် ဆက်လက်ဧည့်ခံသည်။

ထို့နောက် ရခိုင်စည်တော်၊ အပျိုတော်၊ လမိုင်းအကတို့ဖြင့် ဖျော်ဖြေပြီး ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ ကျော်ကျော်၊ ဘုန်းလျှံ၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ခိုင်နှင်းဝေ၊ ဆောင်းအိန္ဒြေထွန်း၊ ဆုမြတ်နိုးဦး၊ ရွှေမှန်းချမ်းသာ၊ ဝင်းနောင်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ဇံဟိန်း၊ တစ်ခိုင်လုံးရွှေ အေးအေးမြင့်၊ နန်းခင်မွေး၊ ချယ်ရီသင်း၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ မြင့်မိုရ်သွန်းခ၊ ထက်ထက်စိုးစံ၊ နှင်းထက်ရွှေရည်၊ စိုးယုနန္ဒာ၊ ဖြိုးသဇင်၊ အောင်ကိုကို၊ ချစ်ကိုကို၊ မျိုးသန့်မောင်မောင်၊ အောင်ထူးစံနှင့် မြတ်မင်းခေါင်တို့က မြူးကြွလှုပသံစဉ်များဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ တေးသံသာကဏ္ဍတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ပူစူး၊ ဖြိုးမြတ်အောင်၊ ခင်မောင်ထူးတို့ကလည်းကောင်း၊ ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများဖြစ်သည့် တိမ်လွှာမို့မို့လွင်၊ ကျောက်ခဲနှင့် တပြည်သူမရွှေထား တေးသီချင်းတို့ကို သာထက်၊ ရန်အောင်၊ ရဲအောင်တို့က လည်းကောင်း သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် ဟာသပညာရှင်များအစည်းအရုံး ဦးငြိမ်းချမ်းနှင့်အဖွဲ့က ဟာသရွှင်ပြုံးစေသည့် အစီအစဉ်ဖြင့်လည်းကောင်း၊ ပတ္တမြားဒေဝီစောမဲကျီ၏ ရခိုင်တေးသီချင်းများကို စိမ်းလဲ့လဲ့၊ သရုပ်ဆောင် ဘုန်းလျှံ၊ အာရိယန်နှင့် ဟီလာရီစိုးတို့ကလည်းကောင်း သီဆိုဖျော်ဖြေကြသည်။

## ဖျော်ဖြေတင်ဆက်

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ရွှေမန်းသူ မြင့်မြင့်ခင်၊ ဦးမိုးဒီ၊ တိမ်ညွန့်၊ ဦးချစ်စရာနှင့် ဦးချိုတူးတို့က မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း တေးအော်ပရာဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ မီးနိုနှင့် ရဲရင့်အောင်တို့က တေးသံသာကဏ္ဍဖြင့် လည်းကောင်း၊ ကိုမြင့် (သမန်းကျား)အဖွဲ့က တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ မီးခွက်စောင့်ကျွန်းပြဇာတ်တွင် ဇေဒါ၊ ရဲလေးမနှင့်အဖွဲ့၊ ချစ်စု၊ မိုးသုခနှင့် ဝေယံဟိန်းတို့ကလည်းကောင်း၊ တေးသံသာဖျော်ဖြေမှုတွင် နီနီခင်ဇော်နှင့် နေမင်းအိမ်တို့က လည်းကောင်း ဖျော်ဖြေကြပြီး ယနေ့ရန်ပုံငွေ ဖျော်ဖြေပွဲကြီး၏ အပိတ်ဖျော်ဖြေမှုအဖြစ် ဒါရိုက်တာကျော်ဇော်ဟိန်း (အတွေးပုံရိပ်)၏ "ကူညီပေးကြပါ" ပြဇာတ်အား ရုပ်ရှင်၊ ဂီတ၊ သဘင်တို့စုပေါင်းအားဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်ကြသည်။

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲဖျော်ဖြေပွဲကြီးတွင် သဒ္ဓါတရားထက်သန်ကြသည့် ပြည်သူများက အလှူငွေများထည့်ဝင်လှူဒါန်းကြပြီး ပဒေသာကဇာတ်ရုံဝင်ပေါက် ကြိုဆိုရေးနေရာအနီး၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင် (ငွေ-ရွှေ-စိန်)ရတုသမိုင်းစဉ်များ၊ သမိုင်းဝင် ဒါရိုက်တာကြီးများ၏ အဆိုအမိန့်စာအုပ်များ၊ ရာပြည့်မဂ္ဂဇင်းနှင့် ပိုစတာများ အရောင်းဌာနတွင်လည်း လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူများက ဝယ်ယူအားပေးမှုနှင့်အတူ လေဘေးသင့်ပြည်သူများအတွက် အလှူငွေများထည့်ဝင်ကြသည်။

ရန်ပုံငွေပဒေသာကပွဲကို ယနေ့မှ ဇွန် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးဝင်မောင်နှမများက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် စပါးခွံမြေဆွေးများစုပေါင်းထည့်သွင်းခြင်း ကျင်းပ

ဖျာပုံ ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု နောင်တော်ကြီးကျေးရွာ ကွင်းအမှတ် (၄၉၉ A) ဦးပိုင်အမှတ်(၁/၁) တောင်သူဦးဇော်လှိုင်ထွန်း၏ လယ်မြေ နှစ်ကေပေါ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် စပါးခွံမြေဆွေးများ စုပေါင်းထည့်သွင်းခြင်းကို မေ ၃၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

## စုပေါင်းထည့်သွင်း

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တောင်သူများက နောင်တော်ကြီးကျေးရွာ ကွင်းအမှတ် (၄၉၉ A) ဦးပိုင်အမှတ်(၁/၁) တောင်သူဦးဇော်လှိုင်ထွန်း၏ လယ်မြေ နှစ်ကေပေါ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် စပါးခွံမြေဆွေးများ စုပေါင်းထည့်သွင်းဆောင်ရွက်ကြသည်။

၂၀၇

# (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဗဟိုကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂**

(၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရုံးအမှတ် (၃၅) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ ကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင် ကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန် မြို့တော်ဝန်ဦးဗိုလ်ဌေး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်**

အခမ်းအနားတွင် ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အာဇာနည် နေ့ အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပ နိုင်ရေးအတွက် ယခင်နှစ်များကဲ့သို့ ဆပ်ကော်မတီ များဖွဲ့စည်း၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၇၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်စဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်သတိရရုံ သက်သက်မျှမဟုတ်ဘဲ အသက်သွေးချွေးများဖြင့် ပေးဆပ်ပြီးရယူခဲ့ရသည့် လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ပြီး နိုင်ငံလွတ်လပ်ရေးနှင့် ထိုက်တန် သည့် နိုင်ငံ့အချုပ်အခြာအာဏာ တည်မြဲရေးအတွက် ရဲဝံ့စွာဆောင်ရွက်ရမည်ဆိုသည့် စိတ်ဓာတ်ကို လက်ဆင့်ကမ်းအမွေ မျှဝေပေးနေခြင်းပဲဖြစ်ပါ ကြောင်း၊ ယခုနှစ်ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားကိုလည်း ယခင်နှစ်နည်းတူ အထောက် အကူပြုဆပ်ကော်မတီများ၏ အုပ်ချုပ်မှုဆိုင်ရာပံ့ပိုးမှု ရှုထောင့်အပြင် လုံခြုံရေးရှုထောင့်နှင့် ကျန်းမာရေး ရှုထောင့်တို့ကိုပါ အလေးအနက်ထား ထည့်သွင်း စဉ်းစား ကျင်းပသွားကြရမည်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန် တွင် လွမ်းသူ့ပန်းခွေချ အလေးပြုခြင်း၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် နိုင်ငံတော်အလံ တိုင်ဝက် လွှင့်ထူအလေးပြုခြင်းနှင့် ရန်ကုန်မြို့ မြို့တော် ခန်းမတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးပြီး သံဃာတော်များအား ဆွမ်းဆက်ကပ် အမျှပေးဝေခြင်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နေပြည်တော်တွင်လည်း နိုင်ငံတော်အဆင့် ဆွမ်းဆက်ကပ် အမျှပေးဝေခြင်း အခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာဇာနည်ဗိမာန်တွင်ပြုလုပ်မည့် လွမ်းသူ့ ပန်းခွေချခြင်း အခမ်းအနားအတွက် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို ဖိတ်ကြားခြင်း၊ ကြိုဆိုနေရာချထားခြင်း၊ ပန်းခြင်း ပန်းခွေများစီစဉ်ခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များ ဖိတ်ကြားခြင်း၊ ကြိုဆိုနေရာ ချထားခြင်း အစီအစဉ်များအပြင် နိုင်ငံရေးပါတီများ၊ NGO အဖွဲ့များကို ဖိတ်ကြားခြင်းနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်သတင်းရယူခွင့် ရှိရန် စီစဉ်ဆောင်ရွက်ခြင်းများကိုလည်း နှစ်စဉ် မပျက် ဆောင်ရွက်နေကျအတိုင်း သက်ဆိုင်ရာ ဆပ်ကော်မတီများက ဆောင်ရွက်နိုင်ရေး ကြိုတင် စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် CCTV ကင်မရာများတပ်ဆင်ခြင်း၊ X-Rays စက်များ တပ်ဆင်ဆောင်ရွက်ခြင်း၊ Walkthrough စက်များ တပ်ဆင်ခြင်း၊ မိုင်းရှာဖွေရေးအဖွဲ့ Bomb Squad များဖြင့် ဆောင်ရွက်ခြင်း၊ အမြင့်တင်စောင့်ကြည့်ရေး စင်များ ပြုလုပ်ခြင်း၊ ရန်ကုန်မြစ်အတွင်းနှင့် သွေးဆေး ကန်တို့တွင် Diver ရေငုပ်တပ်ဖွဲ့များနှင့် ရှာဖွေခြင်းများ အပြင် အာဇာနည်ဗိမာန်တွင် မိုးကြိုးလွှဲတပ်ဆင်ခြင်း၊ Anti-Drone စက်များ အသုံးပြုခြင်းနှင့် အခြား လိုအပ်သည်များကိုလည်း ယခင်နှစ်ကအတိုင်း လစ်လပ်မှုမရှိအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စည်းကမ်းထိန်းသိမ်းရေးအပိုင်းအနေဖြင့် ယာဉ်ဝင်လမ်း / ထွက်လမ်းများ ရှင်းလင်းသတ်မှတ် ခြင်း၊ လူဝင်လမ်း / ထွက်လမ်းများ ရှင်းလင်းသတ်မှတ် ခြင်း၊ ရဟန်းသံဃာတော်များနှင့် အများပြည်သူများ နှစ်စဉ်မပျက် လာရောက်ဂါရဝပြုခြင်းအစီအစဉ်များ ကို ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များ၊ လုံခြုံရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေး အထောက်အကူပြု အသုံးအဆောင်များ စီစဉ် ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးကြိုတင်ဖျန်းခြင်း၊ Social Distancing အတွက် စီမံခြင်းတို့ကိုလည်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့အပြင် (၇၆)နှစ်မြောက် အာဇာနည်နေ့ မတိုင်မီ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှတစ်ဆင့် အာဇာနည်နေ့ ဆိုင်ရာ အကြောင်းအရာများကို ကြိုတင်ထုတ်လွှင့် ခြင်း၊ အခြေခံပညာကျောင်းများတွင် အာဇာနည် နေ့အကြောင်း စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲများ ကျင်းပခြင်းကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ် ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာဇာနည်နေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိ မှုများကို ရှင်းလင်းတင်ပြပြီး လုံခြုံရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းမင်းသိန်းက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ကျင်းပရေးဗဟိုကော်မတီအဖွဲ့ဝင် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အာဇာနည်နေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် လျာထား ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက် လာသူများက (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပနိုင်ရေးနှင့်ပတ်သက်၍ လိုအပ် သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရှန်ဟိုင်းဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်

**နေပြည်တော် ဇွန် ၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာမျိုးမင်းထွန်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဇီပြည်နယ် Yangling တွင် မေ ၂၉ ရက်မှ ၃၁ ရက်အထိကျင်းပသော ရှန်ဟိုင်းဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ ရှန်ဇီပြည်နယ် ကော်မတီအတွင်းရေးမှူး Ms. Zhao Yide က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသော နိုင်ငံ့ကိုယ်စားလှယ်များက အဖွင့်အမှာစကား ပြောကြားကြသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းနှင့် တရုတ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဖောင်ဒေးရှင်းတို့မှ မြန်မာနိုင်ငံပညာရေးဆိုင်ရာ အကူအညီပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများကို ဤဖိုရမ်မှ ဆွေးနွေးဖော်ထုတ် နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Zheng Wenkai နှင့် သီးခြားတွေ့ဆုံကာ ပညာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသော Panel Discussion သို့တက်ရောက်ပြီး ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သော နည်းလမ်းများ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Yangling Smart Agriculture Demonstration Park သို့သွားရောက်၍ Greenhouse ဖြင့် စိုက်ပျိုးပုံနှင့် ပျိုးပင်ထုတ်လုပ်မှုစက်ရုံများ၊ Wangshang စံပြစိုက်ပျိုးရေးကျေးရွာရှိ စိုက်ကွင်းများနှင့် Northwest A & F တက္ကသိုလ် အပူပိုင်းဒေသ စိုက်ရေပျိုးရေချွေတာရေး သုတေသန စင်တာများသို့ လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Yan’an City သို့ သွားရောက်ကာ Luochuan အမျိုးသားပန်းသီးစက်မှုနည်းပညာ နှင့် ဆန်းသစ်တီထွင်မှုစင်တာတွင် ပန်းသီးမျိုးကွဲစိုက်ခင်းများ စိုက်ပျိုး ထားရှိမှုကို လည်းကောင်း၊ TOP သစ်သီးနည်းပညာကုမ္ပဏီကို လည်းကောင်း၊ PV ဆင်းရဲမှုတိုက်ဖျက်ရေး မှိုနှင့်ကန်စွန်းဥစိုက်ပျိုးရေး စီမံကိန်းသို့ လည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ကျောင်းအပ်နှံမှုနောက်ကျသူများ ကျောင်းလာရောက်အပ်နှံပါက ဇွန်လကုန်ရက်အထိ ကျောင်းအပ်လက်ခံပေးမည်

**နေပြည်တော် ဇွန် ၂**

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



**ဥပဓိရုပ်ကောင်းမွန်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်လှစ်ပြီဖြစ်၍ ဆရာကြီးဆရာမကြီးများအနေဖြင့် ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များ များပြားနေကြမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်အောင် ပူးပေါင်းဆောင်ရွက်ပေးကြသည်များကို ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ပြီဖြစ်ရာ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍရှိ ကျောင်းအားလုံးကျောင်းဥပဓိရုပ်ကောင်းမွန်ရေးကို အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ယူချင်စရာ သန့်ရှင်းသပ်ရပ်သာယာသော ရပ်ဝန်းဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးပြီး ကျောင်းအတွင်းအပြင်သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနအလိုက် တင်ပြဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေပြီဖြစ်သော်လည်း အခက်အခဲနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံမှုနောက်ကျသူများရှိနိုင်ပါကြောင်း၊ ထိုသို့ ကျောင်းအပ်နှံမှုနောက်ကျသူများ ကျောင်းလာရောက်အပ်နှံပါက ယခုဇွန်လကုန်ရက်အထိ ကျောင်းအပ်လက်ခံပေးသွားကြရမည်ဖြစ်ကြောင်း၊ မကြာခင် URC သုတေသနဂျာနယ်များကို ပြန်လည်ထုတ်ဝေသွားမည်ဖြစ်၍ အရည်အသွေးရှိသော သုတေသနစာတမ်းများကို ဖော်ပြသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များရှိ စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထိရောက်အကျိုးရှိစွာအသုံးပြုကြရန်နှင့် အသုံးပြုရာတွင် မှတ်တမ်းထားရှိ၍ အသုံးပြုစေလိုပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အကြီးနှင့်အငယ်၊ အထက်နှင့်အောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားတန်ဖိုးထား၍ နွေးနွေးထွေးထွေး ဆက်ဆံကြစေလိုပါကြောင်း၊ ခွဲခြားဆက်ဆံခြင်း အုပ်စုဖွဲ့ခြင်း မပြုဘဲ မျှမျှတတဆက်ဆံ၍ ဂါရဝ နိဝါတတရားများ ကျင့်သုံးဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ ဆရာ ဆရာမများအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကျောင်းသားစာရင်းများ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲ ကျင်းပ




**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၃)ဖွင့်လှစ်သည့် အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ(အပေါ်ထပ်)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူပညာရေးဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**တောင်ငူ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌(၂၀၂၃-၂၀၂၄)ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ မူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT) (၉/၂၀၂၃) သင်တန်းဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြတ်ပညာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက ဩဝါဒစကားပြောကြားပြီး တောင်ငူပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အမှာစကားပြောကြားသည်။ တောင်ငူပညာရေးဒီဂရီကောလိပ်၌ တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသား သင်တန်းသူ ၉၁၇ ဦးရှိကြောင်း တောင်ငူပညာရေးဒီဂရီကောလိပ်မှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ပုံမှန်သင်တန်းနှင့် ဘွဲ့ရသင်တန်းများ စတင်ဖွင့်လှစ်

**လှည်းကူး ဇွန် ၂**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ပုံမှန်သင်တန်းများနှင့် ဘွဲ့ရသင်တန်းများကို ယမန်နေ့ နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်း၊ ဆရာအတတ်ပညာ သင်တန်း၊ PPTT(၉/၂၃)တွင် သင်တန်းသား သင်တန်းသူ ၅၃၃ ဦးနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်နေ့ သင်တန်း ပထမနှစ် (ဒုတိယနှစ်ဝက်)တွင် သင်တန်းသား သင်တန်းသူ ၂၁၀၊ ဒုတိယနှစ် (ပထမနှစ်ဝက်)တွင် သင်တန်းသား သင်တန်းသူ ၂၅၇ ဦး၊ ဒုတိယနှစ်(ဒုတိယနှစ်ဝက်)တွင် သင်တန်းသား သင်တန်းသူ ၆၁ ဦး စုစုပေါင်း ၁၀၆၁ ဦးတို့ တက်ရောက် သင်ယူလျက်ရှိကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

## ပြည်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ



**ပြည် ဇွန် ၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်အား ဇွန် ၁ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။

ပြည်တက္ကသိုလ်တွင် ကျောင်းအပ်လက်ခံခြင်းကို ယခုနှစ် မေ ၂၃ ရက်က စတင်ခဲ့ပြီး ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်မှ (ဒုတိယနှစ်ဝက်) တန်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)တန်းများ အပါအဝင် အတန်းအလိုက်အထူးပြုဘာသာရပ်အသီးသီးတွင် ဇွန် ၁ ရက်နေ့ကစတင်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်းနှင့် အဆောင်နေ ကျောင်းသား ကျောင်းသူများအပါအဝင် ကျောင်းသား ကျောင်းသူများအားလုံး စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ကြီးကြပ်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းတက္ကသိုလ်မှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုမြင်ကွင်း

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်ပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ၏ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည့် မြင်ကွင်းကို ဖော်ပြလိုက်ပါသည် -



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး တောင်ကြီးမြို့ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။ ပြည်နယ်(ပြန်/ဆက်)



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ ပြည်နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အထက(၆) ဗိုလ်တထောင်

လှမိုး



သထုံမြို့

ခရိုင်(ပြန်/ဆက်)



မိုးညှင်းမြို့နယ်

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အထက(၂) လမ်းမတော်

မြို့နယ်(ပြန်/ဆက်)



ဇီးကုန်းမြို့နယ်

မြို့နယ်(ပြန်/ဆက်)



ကျိုက်မရောမြို့

မြို့နယ်(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်

မြို့နယ်(ပြန်/ဆက်)





# ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာနှင့် ကျောင်းပေါင်း ၃၂၆၂ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၉၁၄၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**ရန်ကုန် ဇွန် ၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ဇွန် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းနှင့်ကျောင်းပေါင်း ၃၂၆၂ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ ၉၁၄,၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၇၄၉ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၀၊ ကိုယ်ပိုင်အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၈၃ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူများအား ဇွန် ၁ ရက်မှစ၍ တက်ရောက်သင်ကြားလျက်ရှိသည်။

**တွေ့ဆုံအားပေး**

ဇွန် ၁ ရက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သောနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူတို့သည် အခြေခံပညာကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ စတင်တက်ရောက်ပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး၍ လိုအပ်သည်များကို ထောက်ပံ့ကူညီကြသည်။

**အေးချမ်းပျော်ရွှင်စွာပညာသင်ကြား**

ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ယမန်နှစ်ကျောင်းဖွင့်ရာသီထက် ကျောင်းသား ကျောင်းသူတက်ရောက်မှုတိုးလာခဲ့ပြီး နိုင်ငံတော်က ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရာ၌ ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှုအကျိုးရလဒ်အဖြစ် ပညာသင်ကြားသော ကျောင်းသားဦးရေ တိုးမြင့်လာခဲ့ခြင်းဖြစ်ရာ ယခုနှစ် ကျောင်းဖွင့်ရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း ၃၂၆၂ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၉၉၀၆၂၉ ဦး အပ်နှံထား၍ ၉၁၄၁၇၁ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

## ပဲခူးမြစ်ကူး သန်လျင်တံတား( အမှတ်- ၁ ) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် ဇွန် ၂**

ပဲခူးမြစ်ကူးသန်လျင်တံတား (အမှတ်- ၁)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၆)နှင့် (၇)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၂)နှင့် (၁၃)အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၁)နှင့် (၁၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ (၂၁၀)ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် (၂၆)ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလမ်းကို ဖြတ်သန်းကြမည့် ရေယာဉ်များသည် ရေလယ်တိုင် နှစ်ခုအကြား ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

■

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၃၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၆-၂၀၂၃) ရက်နေ့ ည(၈:၀၀)နာရီမှ (၂-၆-၂၀၂၃) ရက်နေ့ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၃၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၆၆,၀၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၀၅၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၀)ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၀၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် မင်္ဂလာသုတ် ရေးဖြေစာမေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် မင်္ဂလာသုတ်ရေးဖြေ



စာမေးပွဲကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃၆ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂၉ ဦး၊ စုစုပေါင်း ၂၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါ စာမေးပွဲကျင်းပရာသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်မျိုးမင်းထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်း၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဝင်း၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မြို့နယ်ပညာရေးမှူးရုံးမှ အထက်တန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## ဗီယက်နမ်နိုင်ငံ၏ မဲခေါင်မြစ်ဝှမ်းပြည်နယ်ကန်ဂင်း၌ ဆားငန်ရေဝင်ရောက်မှုတိုက်ဖျက်ရေး ဆောင်ရွက်မည်



ဟန္နိုင်း ဇွန် ၂

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါး အများဆုံးစိုက်ပျိုးရာ မဲခေါင်မြစ်ဝှမ်းပြည်နယ်ကန်ဂင်း၌ ယခုနှစ်အတွင်း အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆားငန်ရေဝင်ရောက်မှုကဲ့သို့သော ရာသီဥတုပြောင်းလဲမှုများကို တိုက်ဖျက်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဗီယက်နမ်နယူးစ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

ပြည်နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်လာနိုင်ပြီး မိုးခေါင်ရေရှားမှုနှင့် ဆားငန်ရေဝင်ရောက်မှုများ ဖြစ်လာနိုင်ကြောင်း ကန်ဂင်းပြည်နယ် ပြည်သူ့ကော်မတီ အကြီးအကဲ လီကော်အန်က ပြောကြားသည်။

ယင်းဒေသအတွင်းရှိ ဆည်မြောင်းများ၏ ရေထိန်းတံခါးများအား ဆားငန်ရေမဝင်ရောက်နိုင်စေရေးအတွက် ကြံ့ခိုင်မှုရှိ၊ မရှိ စစ်ဆေးသွားမည် ဖြစ်သည်။ ထို့ပြင်ပြည်နယ်အတွင်း စိုက်ပျိုးမြေများကို ဝန်းရံထားသည့် ဆည်မြောင်းစနစ်ကို တည်ဆောက်သွားရန်နှင့် သီးနှံများကို ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန် အထောက်အပံ့များ လိုအပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ပြည်နယ်အတွင်း ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ရန်နှင့် ဆောင်းနှင့်နွေစပါးဟေက်တာ ၂၈၁၀၀၀ ကို ရေပေးရန်အတွက် ဆည် ၄၀ အား တည်ဆောက်ထားကြောင်း သိရသည်။ မဲခေါင်မြစ်ဝှမ်းပြည်နယ် ကန်ဂင်းသည် တစ်နိုင်ငံလုံး၏ ဆန်စပါးနှင့် သစ်သီးစိုက်ပျိုးထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်း၊ ပြည်ပနိုင်ငံများသို့ ဆန်စပါးတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းနှင့် ငါး၊ ပုစွန်တင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အောင်ကျော်ကျော်

■

## တရုတ်နိုင်ငံရှိ စက်မှုလုပ်ငန်းများအတွက် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ဆောင်ရွက်မည်

ကွမ်ကျိုး ဇွန် ၂

တရုတ်နိုင်ငံရှိ စက်မှုလုပ်ငန်းများအတွက် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို မြှင့်တင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဇင်ဂါအိုဘင်းက တရုတ်နိုင်ငံ ကွမ်တုန်းပြည်နယ် ကွမ်ကျိုး၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် စက်မှုလုပ်ငန်းအစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ယမန်နေ့က ပြောကြားသည်။

အစိမ်းရောင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ရေး၊ ကာဗွန်ခတ်ငွေ့လျှော့ချသုံးစွဲရေး၊ အစိမ်းရောင် စက်မှုလုပ်ငန်းထုတ်ကုန်များမြှင့်တင်ရေးနှင့်ဒစ်ဂျစ်တယ် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း စက်မှုလုပ်ငန်းအစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ အမျိုးသားအဆင့်တွင် အစိမ်းရောင် စက်မှုလုပ်ငန်းဆိုင်ရာစက်ရုံ ၃၆၁၆ ရုံ၊ အစိမ်းရောင်စက်မှုဥယျာဉ် ၂၆၇ ခုနှင့် အစိမ်းရောင်ကုန်ပစ္စည်းထောက်ပံ့ရေးလုပ်ငန်း ၄၀၃ ခုကို တည်ထောင်ခဲ့ကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ဖိလစ်ပိုင်နိုင်ငံ၌ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေပေးအပ်

မနီလာ ဇွန် ၂

ဖိလစ်ပိုင်နိုင်ငံ၌ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ ၁၇၆ သန်းထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းချေးငွေဖြင့် ကမ်းရိုးတန်းဒေသခံများ၏ဝင်ငွေတိုးတက်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ စီမံချက်သည် ကမ်းရိုးတန်းဒေသများရှိ တံငါသည် ၁ ဒသမ ၁၅ သန်းကို အကျိုးရှိစေမည်ဖြစ်ပြီး ကမ်းရိုးတန်းဒေသများရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကိုပါ အကျိုးပြုနိုင်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ငါးလုပ်ငန်းကဏ္ဍသည် ဖိလစ်ပိုင်နိုင်ငံ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၁ ဒသမ ၃ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

ယခုဆောင်ရွက်သည့်စီမံချက်သည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် အကောင်းဆုံးစီစဉ်ဆောင်ရွက်ထားပြီး ငါးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်သားများ၏ဝင်ငွေကို တိုးတက်စေမည်ဖြစ်ကာ စားရေရိက္ခာဖူလုံစေမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်တာဝန်ရှိသူ အင်န်ဒိုင်မီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

























အမျိုးသားသဘာဝဘေးအန္တရာယ်
ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ၂၀၂၃ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၇၅၅ ပါး/ဦးအနက် ၁၇၂၉ ပါး/ဦး အောင်မြင်၍ ၂၆ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၅၂၀၁ ပါး/ဦးအနက် ၂၅၂၉ ပါး/ဦး အောင်မြင်၍ ၄၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၃၅၇၃ ပါး/ဦးအနက် ၆၄၃၈ ပါး/ဦး အောင်မြင်၍ ၄၈ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၀၅၃၁ ပါး/ဦးအနက် ၁၁၂၉၄ ပါး/ဦး အောင်မြင်၍ ၅၅ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

### ပထမကြီးတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမကြီးတန်း ပထမ (ပထမကျော်) | စက-၂၁၇ | အရှင်ဣန္ဒဝီရာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမကြီးတန်း ဒုတိယ | စက-၂၁၁ | အရှင်ဓမ္မရတာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမကြီးတန်း တတိယ | စက-၂၂၆ | အရှင်ဉာဏသိရီလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၄။ | ပထမကြီးတန်း (သီလရှင်) ပထမ | စက-၃၂၈ | မစျာနပဘာ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

### ပထမလတ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမလတ်တန်း ပထမ | စက-၅ | အရှင်ဇာဂရဓမ္မာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမလတ်တန်း ဒုတိယ | ဟ-၁၆ | အရှင်ဝါသေဋ္ဌ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့ |
| ၃။ | ပထမလတ်တန်း တတိယ | စိန်-၃ | အရှင်စန္ဒသိရီလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၄။ | ပထမလတ်တန်း (သီလရှင်) ပထမ | စက-၁၈၁ | မဇဝနဉာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

### ပထမငယ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမငယ်တန်း ပထမ | စိန်-၉ | ရှင်ပညာနန္ဒာစာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၂။ | ပထမငယ်တန်း ဒုတိယ | စက-၇၆ | အရှင်ဝေဠုရိယာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမငယ်တန်း တတိယ | ညတ-၃၃ | ရှင်ပဏ္ဍဝ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၄။ | ပထမငယ်တန်း (သီလရှင်) ပထမ | ပသက-၁၁၅ | မဣန္ဒမာလာ | ချမ်းမြရံသီ သီလရှင်စာသင်တိုက်၊ ပုသိမ်ကြီးမြို့ |

### အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | အခြေပြုမူလတန်း ပထမ | ညတ-၄၁ | ရှင်ပဏ္ဍိတ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၂။ | အခြေပြုမူလတန်း ဒုတိယ | မုံ-၁၇၉ | ရှင်ဉာဏဓဇ | သာသနာ့ရောင်ခြည်ကျောင်း၊ မုံရွာမြို့ |
| ၃။ | အခြေပြုမူလတန်း တတိယ | နတ်-၄၇ | ရှင်စာရိတ္တ | ဒီပင်္ကရာကျောင်းတိုက်၊ နတ်မောက်မြို့ |
| ၄။ | အခြေပြုမူလတန်း (သီလရှင်) ပထမ | စက-၆၅၀ | မတိက္ခဉာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

၁၃၈၄ ခုနှစ် (၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း အပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနားများ ကျင်းပ

ရန်ကုန် ဇွန် ၂

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ရွှေတိဂုံစေတီတော်ရင်ပြင်ရှေးဟောင်းတန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) ရေစက်ချပွဲအခမ်းအနားကို ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကဓရ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယောဆရာတော်) ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။



၁၃၈၅ ခုနှစ် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနား ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပစဉ်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှူ့ကျသဘာပတိ ဦးမျိုးအောင်ဌေးက ဇယမင်္ဂလာအနုမောဒနာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ၊ ဝင်္ဂသကာပါဠိပါရဂူ၊ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရုပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)ထံမှ လှူဒါန်းမှုအစုစုတို့ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှည့်လည်ပူဇော်ကြ**

ယင်းနောက် မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာပုံကို ဖော်ကျူးသည့်အနေဖြင့် ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက မင်း၊ မိဖုရား၊ မှူးမတ်စသည့် အဆောင်အယောင်များဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာစေရန် ရည်ရွယ်၍ ကချင်၊ ကယား၊ ကရင်၊ ချင်း အစရှိသော တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြုဝတ်စုံများ ဝတ်ဆင်၍ ရင်ပြင်တော်မြောက်ဘက် ချမ်းသာကြီးတန်ဆောင်းစုရပ်မှစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ချမ်းသာကြီး တန်ဆောင်း၌ စုပေါင်း၍ နယုန်လပြည့် မဟာသမယဒေသနာတော်များအား ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နယုန်လပြည့်နေ့ မဟာသမယအခါတော်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံးအပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့ခြင်း၊ နတ်ဗြဟ္မာများအား ပင့်ဖိတ်ခြင်း၊ မဟာသမယသုတ်ပါဠိတော်အား သံပြိုင်ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းမေတ္တာအမျှပေးဝေခြင်း စသည်တို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းဓာတ်ပုံ-ကိုကိုဇော်

○ ကျောဖုံးမှ

နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပလျက်ရှိရာ ညနေပိုင်းပွဲစဉ်များအဖြစ် မီတာ ၄၀၀x၄ လက်ဆင့်ကမ်း (အမျိုးသား/အမျိုးသမီး)၊ လုံတံပစ်(အမျိုးသား/အမျိုးသမီး)၊ တန်းမြင့်ခုန်(အမျိုးသမီး)၊ မီတာ ၁၀၀ (အမျိုးသား/အမျိုးသမီး)၊ မီတာ ၁၅၀၀ (အမျိုးသား/အမျိုးသမီး)၊ သုံးဆင့်ခုန် (အမျိုးသား) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့ပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသားတံခွန်စိုက်ဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုရရှိခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ချီးမြှင့်သည်။



ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်အသင်းကို တံခွန်စိုက်ဆုဖလား ချီးမြှင့် **(အပေါ်ပုံ)** ပြီးနောက် စံချိန်အသီးသီးကို ချိုးနိုင်ခဲ့သည့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမား အင်အားစုစုပေါင်း ၅၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ၂၀၂၃ ခုနှစ် နွေရာသီဖိတ်ခေါ်မှ**

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသမီး U–25 ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းအသင်းက ပထမရရှိပြီး အမျိုးသား U–25 ဘတ်စကက်ဘောပြိုင်ပွဲတွင် ရန်ကုန်(A)အသင်းနှင့် တောင်ကြီး (A)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်(A)အသင်းက ပထမရရှိသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီး U–25 ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းအသင်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရန်ကုန်အသင်းကို မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း မြန်မာနိုင်ငံဘတ်စကက်ဘောဗဟိုအလုပ်အမှုဆောင် ဦးရဲအောင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သုံးသိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော Western Park အသင်းကို မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ် အတွင်းရေးမှူး ဦးဇော်မိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား U–25 ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်(A)အသင်းကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ် ခြောက်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော တောင်ကြီး(A)အသင်းကို မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ် လေးသိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ရန်ကုန်(B)အသင်းကို မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ညွန့်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသော ရန်ကုန်(A) အသင်းမှ ကျောနံပါတ်(၃၁) ကျော်လွင်ဦးကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသော စစ်ကိုင်းအသင်းမှ ကျောနံပါတ်(၁) မြနှင်းမှုံကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယကက အမျိုးသမီးU–25 ဘတ်စကက်ဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော စစ်ကိုင်းအသင်းနှင့် အမျိုးသား U–25 ဘတ်စကက်ဘော ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်(A)တို့ထံ တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နွေရာသီဖိတ်ခေါ် U–25 အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းကို ငွေကျပ် သုံးသိန်း၊ ဒုတိယဆုရရှိသော အသင်းကို ငွေကျပ် နှစ်သိန်း၊ တတိယဆုရရှိသောအသင်းကို ငွေကျပ် တစ်သိန်းနှင့် အမျိုးသား U–25 ဘတ်စကက်ဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော ရန်ကုန်(A)အသင်းကို ငွေကျပ် သိန်း ၃၀ တို့ကို ရန်ကုန်တိုင်းဒေသကြီး ဘတ်စကက်ဘောကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ထပ်ဆောင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်၌ မျိုးစေ့ချကိရိယာ ပေးအပ်ပွဲနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးပွဲ ကျင်းပ

ကဝ ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ စပါးတစ်ဧက အထွက်နှုန်းတိုးတက်စေရေး ကြဲခင်းစနစ်မှ တိုက်ရိုက်အစေ့ချစိုက်ပျိုးနိုင်ရန် လယ်ယာသုံးစပါးမျိုးစေ့ချ ကိရိယာပေးအပ်ပွဲကို မေ ၃၀ ရက်က မြို့နယ်စက်မှုလယ်ယာရုံး၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုက်ရိုက်မျိုးစေ့ချကိရိယာ ဝယ်ယူသည့် တောင်သူတစ်ဦးချင်းစီ၏ လက်ဝယ်သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ကြပ်ဌာနများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၌ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ကြပ်ဌာနများက လွှဲပြောင်းပေးအပ်ခဲ့ပြီး အဆိုပါ မျိုးစေ့ချ ကိရိယာဖြင့် အုန်းနဲ့ကျေးရွာ တောင်သူ ဦးမင်းသိန်း၏ လယ်ယာမြေတွင် မိုးစပါး တိုက်ရိုက်အစေ့ချ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းရယ်မြို့နယ်၌ နွေစပါး စံကွက်ရိတ်သိမ်း

မိုင်းရယ် ဇွန် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က နားခိုကျေးရွာ တောင်သူ ဦးအိုက်ကျော်၏ စံပြကွက်၌ ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက နွေစပါး တစ်ဧက တင်း ၁၂၀ နှင့်အထက် အထွက်နှုန်းရရှိရေး ၁၀ ဧကကို ဖ ဒသမ ဖပေ စံတိုင်းထွာပြီး ကောင်း၊ သင့်၊ ညံ့ သုံးကွက်အား ရိတ်သိမ်းခဲ့သည်။

ထို့နောက် စံကွက်အထွက်တိုင်းတာခြင်းများကို ဆောင်ရွက်ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၅၂ ဒသမ ၃၄ တင်း၊ အခြောက် ၁၂၉ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ) ဖွဲ့စည်းတည်ထောင်ခြင်း (၃)နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို မေ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အမ်အိုင်အေစီ (ဗဟို)သင်တန်းခန်းမ၌ ကျင်းပရာ အမ်အိုင်အေစီ(ဗဟို)ဥက္ကဋ္ဌနှင့် ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမ်အိုင်အေစီ(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး MIAC Research and Survey Committee ဥက္ကဋ္ဌ ဦးကျူးခေါင်က အသင်းကြီး၏ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ အမ်အိုင်အေစီ တိုင်းဒေသကြီး၊ ခရိုင်ဖွဲ့စည်းထားရှိမှုများနှင့် ပတ်သက်၍ ဆရာဦးရဲညွန့်က ရှင်းလင်းပြောကြားပြီးနောက် အမ်အိုင်အေစီသင်တန်းရေးရာကိစ္စရပ်များကို သင်တန်းမှူးဦးထင်ဇော်လတ်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်နွယ်နီမေဝင်း၊ ရုံးလုပ်ငန်းဆိုင်ရာနှင့် IT Confidential ကိစ္စရပ်များကို ဦးလင်းလင်းနှင့် ဦးဇော်ဇော်ထက်တို့က ရှင်းလင်းဆွေးနွေးကြသည်။

မောင်မောင်(လှျပ်စစ်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများကို ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂

ကမ္ဘောဒီးယားနိုင်ငံက ဇွန် ၃ ရက်မှ ၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များအား ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Sports Complex၌ (Team Welcome Ceremony) ကြိုဆိုရေးအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ H.E. Hun Many (Member of the Cambodian National Assembly) က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စ်တေနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံတော်အလံများကို လွှင့်တင်ခဲ့ပြီးနောက် အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံများ၏ ကိုယ်စားလှယ်များက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်းရှိ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား ဂါရဝပြုစားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဇွန် ၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ရိပ်သာတွင် နေထိုင်လျက်ရှိသော အဘိုးအဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌက မုန်တိုင်းဝင်ရောက်မှု မဖြစ်ပေါ်သေးခင်အချိန်တွင် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်အရ အဘိုးအဘွားများအား ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းပေးမှုအခြေအနေများ၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ဘိုးဘွားရိပ်သာဝင်းအတွင်း သစ်ပင်သစ်ကိုင်းများ ပြိုလဲကျိုးကျမှုများ၊ အဆောက်အအုံများ အမိုးလန်ပျက်စီးမှုများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းတို့ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက အဘိုးအဘွား ၃၉ ဦးအား စားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းရာ အဘိုးအဘွားများက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။ ထို့ပြင် စစ်တွေတပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အထွေထွေရောဂါများနှင့်ပတ်သက်၍ ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA)က ချက်ပြုတ်လှူဒါန်းသည့် ဒံပေါက်ထမင်း/ ဟင်းလျာဘူးများကို အဘိုးအဘွားများနှင့် ရိပ်သာဝန်ထမ်းများအတွက် ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်တွေမြို့ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ကျောင်းတိုက်နှင့် တောင်ရွှေရွာကျောင်းတိုက်တို့သို့သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် မုန်တိုင်းသင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးထားသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသောဒေသခံပြည်သူများအားစားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြင်ဖြူမော်ရပ်ကွက်ရှိ ရေထိန်းတမံ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် ဆိုင်ကလုန်း ရှယ်တာ(Cyclone Shelter) များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ စားသုံးသူရေးရာဦးစီးဌာန၏ဂိုဒေါင်တွင် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

၎င်းနောက် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ယနေ့နံနက်ပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများ စာရင်းအမှန် ရရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာများသို့ စာရင်းကောက်အဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် တာဝန်ရှိသူများနှင့်အတူ ညနေပိုင်းတွင် စစ်တွေမြို့နယ်အတွက် ခွဲဝေရရှိထားသော သစ်ခွဲသားများကို မြို့နယ်အဆင့်တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ စနစ်တကျ ဖြန့်ခွဲပေးဝေနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်တော်မြို့ မှန်ကျောင်း ကျောင်းတိုက်သို့သွားရောက်၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များ ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---



# မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂

မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီဩဇာခန်းမဆောင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသား စေတနာရှင် အလှူရှင်များ၊ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၃၅၁၉ သိန်း ၆ သောင်းနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် အကာအကွယ်ဝတ်စုံ၊ ခွဲစိတ်သုံးဝတ်စုံ၊ ဆေးရုံသုံးဦးထုပ် စသည့်ပစ္စည်း ၁၆ မျိုး တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့၌ သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရ

နေပြည်တော် ဇွန် ၂

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချမှုကြောင့် သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆) ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ယနေ့နံနက် ၅ နာရီခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ ရပ်ကွက်အတွင်းမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Drop Bomb များ ကြဲချခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးကာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။





အရပ်သားများ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များ ကြဲချခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)အား လက်လုပ်ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ

နေပြည်တော် ဇွန် ၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ရာတွင် CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။







ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေရန် ကျောင်းဝင်ပေါက်အနီး၌ လက်လုပ်ရီမုမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အအုံနှင့် ကျောင်းသား ကျောင်းသူများ ပျက်စီး/ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါကျောင်းတွင် ဆရာ ဆရာမ ၁၆ ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၉ ဦး စုစုပေါင်း ၁၇၀ ဖြင့် ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခဲ့သူများကို အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၆၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၀ | ၂၇၀၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၀ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၄၀ | ၁၈၉၀ | ၁၈၈၅ | ၁၈၅၀ | ၁၈၉၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၈၈၀ | ၁၈၉၅ | ၁၉၂၅ | ၁၉၃၀ | ၁၉၃၀ | ၂၁၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၂ | ၁၈၉၂ |
| 95 Ron | ၁၉၂၇ | ၁၉၉၉ |
| HSD (500 ppm) | ၁၇၄၆ | ၁၈၁၀ |
| HSD (50 ppm) | ၁၈၁၉ | ၁၈၈၅ |
| HSD (10 ppm) | ၁၈၁၉ | ၁၈၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကျိုက်ထိုမြို့နယ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ကျိုက်ထို ဇွန် ၂

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ရေကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၂၉ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်းအသင်းသား ၂၂၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၃၆ သိန်း ထုတ်ချေးပေးထားကြောင်းနှင့် လုပ်ငန်းများ ပုံမှန်လည်ပတ်စေရေး၊ စာရင်းဇယားများ မှန်ကန်စွာ ဖြည့်သွင်းစေရေးအတွက် ကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၂၂

# ကျေးရွာတွင်းဂဝံမြေခင်းခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီး

ဒိုက်ဦး ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေရင်း ကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆင်ဇလုပ်ကျေးရွာ၌ နှစ်စဉ်စုဆောင်းရရှိသည့် အတိုးရရှိငွေကျပ်သိန်း ၁၂၀ ဖြင့် မေ ၂၆ ရက်ကစတင် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်းလမ်းအရှည်ပေ ၁၈၆၀ ၊ အကျယ် ၁၂ ပေ၊ ဒု ခြောက် လက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းမှာ လက်ရှိ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ဇွန် ၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

## တိုးချဲ့စိုက်ပျိုးသင့်သည့် ဝင်ငွေကောင်းသော နှမ်းသီးနှံ

**နေပြည်တော်  ဇွန်  ၂**

နှမ်းသီးနှံကို အပူပိုင်းဒေသများဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိသည်။

**တတိယနေရာတွင် ရပ်တည်လျက်ရှိ**

မြန်မာနိုင်ငံသည် နှမ်းသီးနှံစိုက်ပျိုးမှုတွင် ၁၈ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ကမ္ဘာပေါ်၌ တတိယနေရာတွင် ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံ၌ နှမ်းစိုက်ပျိုးသောဧရိယာသည် ဆီထွက်သီးနှံစိုက်ဧရိယာအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ ယခုအခါ ပဲမျိုးစုံသီးနှံများ၏ ဈေးကွက်ခိုင်မာမှုမရှိသည့်အတွက် အချို့သောပဲစိုက်ဧရိယာများတွင် နှမ်းသီးနှံကို အစားထိုးတိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစိုက် ၄၃၃၃၂၄ ဧက၊ ဆောင်းစိုက် ၅၄၁၈၆၉ ဧကနှင့် နွေစိုက် ၃၅၈၀၉ ဧက စုစုပေါင်း ၁၀၁၁၀၀၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ကလေးခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုမရှိသောကြောင့် ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာများတွင် မိုးစပါးစိုက်ပျိုးနိုင်မှုမရှိသည့်အတွက် နှမ်းသီးနှံများ ပိုမိုစိုက်ပျိုးလာကြကြောင်း၊ မိုးနှောင်းကောင်းမွန်ပြီး မိုးရေရရှိသဖြင့် ကုန်ကျစရိတ်သက်သာကြောင်း သိရသည်။



စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်မေလတွင် နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၅၂၀၀၀၊ ယခုနှစ်တွင် နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ငွေကျပ် ၃၈၀၀၀ ပိုမိုရရှိကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၁ တင်းထွက်ရှိပြီး ဝင်ငွေအနေဖြင့် ငွေကျပ် ၁၀ သိန်းခန့်ရရှိကာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ်လေးသိန်းခန့် ရရှိကြောင်း၊ နှမ်းသီးနှံသည် နိုင်ငံခြားဈေးကွက်ခိုင်မာပြီး ဈေးကောင်းရသော သီးနှံဖြစ်သည့်အတွက် နှမ်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးများ စတင်ရိတ်သိမ်း

**စစ်ကိုင်း  ဇွန်  ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ရေဦး၊ ကန့်ဘလူနှင့် ကသာခရိုင်များတွင် နွေစပါးသီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် နွေရာသီကာလတွင် နွေစပါးစိုက်ပျိုးရန် ဧက ၃၄၈၀၀၀



လျာထားခဲ့ရာ ၁၉၇၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ်တွင် နွေစပါးသီးနှံကို ခရိုင်အလိုက် စိုက်ပျိုးခဲ့ရာ ရွှေဘိုခရိုင်တွင် ၈၁၀၄၈ ဧက၊ ရေဦးခရိုင်တွင် ၃၂၃၃၇ ဧက၊ ကန့်ဘလူခရိုင်တွင် ၂၃၄၀၉ ဧက၊ ကသာခရိုင်တွင် ၂၂၄၄၆ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၁၃၄၃ ဧက၊ စစ်ကိုင်းခရိုင်တွင် ၈၆၉၈ ဧက၊ မော်လိုက်ခရိုင်တွင် ၇၈၂၃ ဧက၊ ကောလင်းခရိုင်တွင် ဧက ၄၂၄၀၊ ကလေးခရိုင်တွင် ၃၈၅၇ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၀၇၁ ဧက၊ မုံရွာခရိုင်တွင် ၆၉၂ ဧက၊ ခန္တီးခရိုင်တွင် ၃၅ ဧကနှင့် တမူးခရိုင်တွင် သုံးဧက စုစုပေါင်း စိုက်ဧက ၁၉၇၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် ကသာခရိုင်တွင် ၁၃၉၈၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၇၈၄၈ ဧကနှင့် ရွှေဘိုခရိုင်တွင် ၆၃ ဧက စုစုပေါင်း ၂၁၈၉၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် မေ ၁၅ ရက်အထိ စာရင်းများအရ သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ  ဇွန်  ၂**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် မေ ၂၇ ရက်မှ ၂၉ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။

လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုမှာ ဒန့်သလွန်စေ့ခြောက်၊ မိဿလင်ခြောက်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ ချင်း(ဂျင်း)နွယ်ဝင်တစ်မျိုး၊ ခွေးလျှာစေ့(အနက်)၊ ကန့်ချုပ်နီ၊ မန်ကျည်းသီး၊ လင်းနေမြစ်နှင့် ဂေါ်ဖီထုပ်တို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ပုစွန်၊ ငါးမြွေထိုး၊ ငါးခွေးလျှာ၊ ဝသုံးလုံး ကဏန်း၊ ငါးမြစ်ချင်းစည်ဖောင်း၊ ကျောက်ငါး၊ ကုလားကုတ်၊ ငါးပါးနီ၊ မြီးတံသွယ်ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးတီး၊ ငါးသလောက်၊ ကကူရံ၊ ငါးကွမ်းရှပ်ငါးဆားနယ်နှင့် သဲကဏန်းတို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

ယခုအခါ ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန် လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့်ငရုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါး၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်ချုပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ LPG (ဓာတ်ငွေ့ရည်)၊ စက်နှင့် စက်ပစ္စည်းကိရိယာ၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ အားကစားပစ္စည်း၊ စက်ဆီ/ချောဆီ၊ ဆေးပစ္စည်းနှင့် အိမ်သုတ်ဆေးတို့ တင်သွင်းလျက်ရှိသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၉ ရက်အထိ ပို့ကုန် ကန်ဒေါ်လာ ၈၆ ဒသမ ၂၉၃ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၁၉၃ ဒသမ ၀၃၅ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၇၉ ဒသမ ၃၂၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

**သတင်းအရင်းအမြစ်- စီးပွား/ကူးသန်း**

## ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော်  ဇွန်  ၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန် ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ ဇွန် ၆ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။




နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှနှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၀၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နွယ်သာဂီလမ်း၊ အမှတ်(၁၄၀) ဟုခေါ်တွင်သော မြေကွက်အမှတ် (၁၄၀-၂၅'x၅၀') ပါမစ်မြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ပါမစ်မြေမှာ (၂၅'x၅၀') ရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉၉၁ ခုနှစ်တွင် ဦးထွန်းတင်နှင့် ဦးမြင့်ဝင်း ပူးတွဲအမည်ပေါက် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ဦးထွန်းတင် အမည်ပေါက် 12½' x 50' မှာ ဦးထွန်းတင်၏ သားဖြစ်သူ ဦးခင်မောင်ဦး [၁၂/မရက(နိုင်)၀၂၃၄၃၅]ထံမှ ဒေါ်စန်းစန်းဝေ [၁၂/မရက(နိုင်) ၀၂၃၅၈၆]မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပါသည်။ ကျန် ဦးမြင့်ဝင်း ပိုင်ဆိုင်သော 12½' x 50' ကို အဆင့်ဆင့်ရောင်းဝယ် ပြုလုပ်ခဲ့ကြပြီး နောက်ဆုံးပိုင်ရှင်မှာ ဒေါ်သန်းကြည် [၁၂/မရက(နိုင်)၀၂၀၈၀၁]ဖြစ်ပါသည်။ ထို့အတွက် ဖော်ပြပါ အမှတ် ၁၄၀ ဟုခေါ်တွင်သော ၂၅'x၅၀' ပါမစ်မြေကွက်မှာ (၁) ဒေါ်စန်းစန်းဝေ (၂) ဒေါ်သန်းကြည်တို့ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးကြူ M.A, T.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၄/၈၀)**
**အမှတ်- ၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း- ၀၉-၅၀၃၃၄၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ Time Min Ye Kyaw Swar Condominium၊ တိုက်အမှတ်(၃၉)၏ ၁၅ ထပ်၊ (အခန်းအမှတ်-၁၅၀၅)၊ အကျယ် (၂၄၄၂ စတုရန်းပေ)ရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လင်းလင်းမြင့်(ခ)ဒေါ်ခင်ဝင်းကြည် [၉/မရမ(နိုင်)၀၄၅၉၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝေ [၆/မအရ(နိုင်)၀၉၆၃၁၉]နှင့် ဒေါ်မို့မို့ဝင်း [၁၂/လမတ(နိုင်)၀၃၁၇၅၆]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အမွေစား၊ အမွေခံမှစ၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၉၂၄)၊ မြေအကျယ်အဝန်း(အလျား၄၀Xအနံ၆၀)ပေရှိမြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သွင်အမည်ဖြင့် မှတ်သားတည်ရှိပြီး ယခုရောင်းချသူ ဒေါ်နုနုရီ(၇/ဖမန(နိုင်)၀၉၁၆၅၂)မှ အရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကရောင်းချသည့် တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
**အထက်တန်းရှေ့နေ**
**(LL.B, D.M.L)(စဉ်-၄၁၄၀၀)**
**Ph : 09-796766946, 09-405100500**
**No.450,9Ward,Zarni 12street,South okkalar Township, Yangon.**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ သီလ (၁၂)လမ်း၊ မြေကွက်အမှတ်(၉၃၆)၊ မြေအကျယ်အဝန်း(အလျား ၄၀ပေ/၃၆ပေ ၆လက်မ x အနံ ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦမှ ပထမထပ်၊ (၂-လွှာ)၊ ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)၊ (အမြင့် ၉ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဒေါ်လဲ့ဝါဝါခိုင် [၁၂/ဥကတ(နိုင်)၁၄၄၈၀၉]နှင့် ကန်ထရိုက်တာ ဦးပေါ်မင်း [၁၂/စခန(နိုင်) ၀၆၄၂၈၀]တို့မှ သဘောတူကတိစာချုပ်အရ ကန်ထရိုက်တာခံစားပိုင်ခွင့်၊ ရပိုင်ခွင့်ရှိသည့်တိုက်ခန်းကို ကန်ထရိုက်တာ ဦးပေါ်မင်း [၁၂/စခန(နိုင်)၀၆၄၂၈၀]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်သီတိုး(LL.B,D.B.L,D.I.L,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၅၃၂)**
**အမှတ်(၉၃၄)၊ သီလ(၁၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၃၈၂၀**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နေသူ ဦးတူးမိုင် [၁၃/လရန(နိုင်)၁၆၄၄၁၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ဦးတူးမိုင်သည် ဦးနေမျိုးထွန်း၊ ဦးအောင်ဌေး၊ ဒေါ်လှလှဝင်းတို့ မောင်နှမ (၃)ဦးထံမှ (၃၀-၅-၂၀၂၃)နေ့စွဲဖြင့် ၎င်းတို့ပိုင်ဆိုင်ကြောင်း ဝန်ခံချက် နှစ်ဦးသဘောတူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၃(ခ)နှင့် ၄(က)ဟုခေါ်တွင်သော အလျား (၆၀)ပေ x အနံ (၂၀)ပေရှိ မြေကွက် (၂)ကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အားလုံးကို စရန်ငွေတချို့တစ်ဝက် ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါ အရောင်းအဝယ် စရန်ပေးကိစ္စနှင့်ပတ်သက်ပြီး ဆက်ခံပိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးစန္ဒာလှိုင်(LL.B, DBL)**
**အထက်တန်းရှေ့နေ၊ စဉ်-၃၉၅၇၈ (၃၁-၇-၂၀၁၂)**
**အမှတ်(၆၂၀/က)၊ မြရတနာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉-၂၆၁၈၄၄၇၂၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၄၁၆)၊ မြေအကျယ်အဝန်း(အလျား၄၀Xအနံ၆၀)ပေရှိမြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းအောင်အမည်ဖြင့်မှတ်သားတည်ရှိပြီး ယခုရောင်းချသူဒေါ်ချိုချိုမာ(ခ)ဒေါ်ခင်ခင်ဆွေ (၁၂/ဒဂမ(နိုင်)၀၁၀၈၅၆)မှ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
**အထက်တန်းရှေ့နေ**
**(LL.B, D.M.L)(စဉ်-၄၁၄၀၀)**
**Ph : 09-796766946, 09-405100500**
**No.450,9Ward,Zarni 12street,South okkalar Township, Yangon.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၆၄၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေပေါ်ဆောက်လုပ်ထားသော (၆)ထပ်တိုက်၊ မှန်ခန်းထပ်/ခြေရင်း ဟုခေါ်တွင်သော လူနေတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်လက်ရှိပိုင်ရှင်ဖြစ်သူ ဦးအောင်ကိုကို [၁၂/သဃက(နိုင်)၀၀၃၇၈၇]ထံမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက တိုက်ခန်းရောင်းဝယ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မင်းခိုင်**
**[၁၂/အလန(နိုင်) ၀၂၈၉၁၀]**
**မြောင်းဆုံငယ်ကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၇၄၄၁၂၈၈၉**

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီ၊ သနွှေပင် ၂ဂိတ်မှတ်တိုင်အနီး၊ကွန်ကရစ်လမ်းရှေ့

(40'x60') = ၁၇၀ သိန်း ၊ (20'x60') = ၈၅သိန်း

ph:09-257800158,09-795333121

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 25-E7၊ မြေကွက်အမှတ်- ၂၂၊ ဧရိယာ (၀.၀၂၉)ဧက၊ မြေကွက်တည်နေရာ- အမှတ်- ၁၂၊ ပန်းလှိုင်လမ်း၊ ဆေးရိုးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးသောင်းရှိန် အမည်ပေါက်၊ (မြေပိုင်မြေ)မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် (အဘိုး) ဦးသောင်းရှိန်သည် (၇-၆-၁၉၉၄)ရက်နေ့တွင် ကွယ်လွန်ကြောင်း၊ (အဘွား) ဒေါ်အုန်းတင်သည် (၁၉၈၈)ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့မှ ဒေါ်စန်းညွန့် တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ဒေါ်စန်းညွန့်(မိခင်)သည် (၁၉-၁၁-၂၀၁၉)ရက်နေ့နှင့် ဖခင် ဦးခင်မောင်ကြည်သည် (၂၉-၆-၂၀၁၃)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့မှ သားအရင်းဖြစ်သူ ဦးတင်စိုးကြည် တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ကွယ်လွန်သူ အမည်ပေါက် အဘိုး ဦးသောင်းရှိန်၏ ပိုင်ဆိုင်မှုအားတစ်ဦးတည်းသော မြေးဖြစ်သူ ဦးတင်စိုးကြည်သာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိသူ မြေးအဖြစ် ကျန်ရှိကြောင်း၊ အခြားပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အဘိုး အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဦးတည်းသော မြေးဖြစ်သူ ၎င်းတစ်ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခွင့်ဆိုင်ရာ ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ဦးတင်စိုးကြည်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၂၂၂၄/၂၀၂၃ (၂၈-၃-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက်စာချုပ်၊ ဦးသောင်းရှိန်၏ သေဆုံးမှုလက်မှတ်မိတ္တူမှန်၊ ဒေါ်စန်းညွန့်နှင့် ဦးခင်မောင်ကြည်တို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်အုန်းတင်သည် ၁၉၈၈ ခုနှစ်တွင် နေအိမ်တွင် ကွယ်လွန်ကြောင်း ရပ်ကွက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိကြောင်း တိုင်းကျန်းမာရေး ဦးစီးဌာန၏ အကြောင်းပြန်ကြားစာ၊ ၁၉၉၁ ခုနှစ်၌ ဦးသောင်းရှိန်က မြေပုံကူးလျှောက်ထားခြင်းမှာ အဆောက်အဦဆောက်လုပ်ရန်အတွက် မြေရာဇဝင် ကူးယူခဲ့ခြင်းဖြစ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းမည့်အကြောင်းအရာ လျှောက်ထားခြင်းမဟုတ်ကြောင်း၊ ယင်းမြေပုံအတွက် တာဝန်ယူကြောင်း ဦးတင်စိုးကြည်၏ တရားရုံးကျမ်းကျိန်လွှာ- ၂၂၇၄/၂-၅-၂၀၂၃၊ မြေပြင်ရှိ (၂)ခန်းတွဲ လေးထပ်တိုက်တွင် အပျောက်အခန်းများရှိပြီး၊ နေထိုင်သူများမှာ မြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်ကြောင်း၊ ဌာနဝင်စာ- ၄၉၈၂/၁၅-၅-၂၀၂၃ ဖြင့် တင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ် တို့ကိုတင်ပြ၍ ဦးတင်စိုးကြည် [၁၄/ဟသတ(နိုင်)၁၀၄၆၃၀] က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဦးစိုးကျော်သီဟ [၁၄/ဘကလ(နိုင်) ၀၈၇၁၀၃]နှင့် အများသိစေရန် ကြော်ငြာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကြီးကျေးရွာအုပ်စု၊ ပဒဲကောကျေးရွာနေ ဒေါ်ခင်မာသီ (ဘ) ဦးမြင့်ဦး [၁၄/ဘကလ(နိုင်)၀၃၆၁၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာသီ [၁၄/ဘကလ(နိုင်)၀၃၆၁၂၆]နှင့် ခင်ပွန်းဖြစ်သူ ဦးစိုးကျော်သီဟ [၁၄/ဘကလ(နိုင်)၁၈၇၁၀၃]တို့သည် (၁၀-၈-၂၀၁၃) ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးစိုးကျော်သီဟတို့ ပေါင်းသင်းစဉ်ကာလတစ်လျှောက်လုံးတွင် ဦးစိုးကျော်သီဟသည် အိမ်ထောင်ဦးစီးတစ်ဦးအနေဖြင့် ဦးစီးဦးဆောင်ပြု၍ မိသားစုစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေအပေါ် စိတ်ဆင်းရဲသောကဖြစ်စေမည့် လုပ်ရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိုးကျော်သီဟတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုရှိသူများလည်း မဟုတ်ကြပါ။

လွန်ခဲ့သော (၂၀-၂-၂၀၂၁)ခုနှစ်တွင် ဦးစိုးကျော်သီဟသည် ကျွန်ုပ်၏မိတ်ဆွေနှင့် စကားများရန်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေအား စိတ်ဆင်းရဲသောကများဖြစ်စေရန် ပြောဆိုပြီး နေအိမ်ပေါ်မှ အကြောင်းမဲ့ဆင်းကာ ကျွန်ုပ်၏မိတ်ဆွေအား စွန့်ပစ်သွားခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ဦးစိုးကျော်သီဟ၏ ပြုလုပ်မှုများအပေါ် ဆက်လက်သည်းခံနိုင်ခြင်းမရှိတော့ပါ။ ဆက်လက်ပေါင်းသင်းမည်လည်းမဟုတ်ပါ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အညီ ကွာရှင်းပြတ်စဲရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့အတွက်ကြောင့် ဦးစိုးကျော်သီဟနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးမှစ၍ ဦးစိုးကျော်သီဟပြုလုပ်သည့် မည်သည့်ကိစ္စများကိုမဆို ကျွန်ုပ်၏မိတ်ဆွေနှင့် ပတ်သက်မှုမရှိပါကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေမှလည်း တာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် ဦးစိုးကျော်သီဟ၏ ပြုလုပ်မှုမှန်သမျှသည် ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဒေါ်သန့်သန့်နိုင် (LL.B)** | **ဒေါ်ချိုတီသစ်သစ်စိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၇၉၆)** | **(စဉ်-၁၃၄၈၉)** |
| **အမှတ်(၈၁၂)၊ (၁၇)လမ်း၊ (၇)ရပ်ကွက်၊ ဘိုကလေးမြို့။** | **အမှတ်(၂၈)၊ ကျော်ဖဲကျောင်းလမ်း၊ (၂)ရပ်ကွက်၊ ဘိုကလေးမြို့။** |
| **ဖုန်း-၀၉-၄၂၂၄၉၀၆၅၄** | **ဖုန်း-၀၉-၄၂၂၅၂၅၂၈၁** |

## ဒေါ်မိုးမိုးခိုင် (ခ) မိုးမိုးနွယ် (၁၀/သထန (နိုင်) ၂၇၂၇၅၉ ) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၃၈)၊ အခန်း (A)၊ မြေညီထပ်နေ ဦးကျော်ခိုင်ထွန်း (၁၂/ကမတ(နိုင်)၀၆၃၁၄၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ခိုင်ထွန်း (၁၂/ကမတ(နိုင်)၀၆၃၁၄၇)နှင့် ဒေါ်မိုးမိုးခိုင် (ခ)မိုးမိုးနွယ် (၁၀/သထန(နိုင်)၂၇၂၇၅၉)တို့သည် (၇.၇.၂၀၂၁)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဒေါ်မိုးမိုးခိုင်(ခ)မိုးမိုးနွယ်မှ ခရီးသွားမည်ဟုဆိုကာ လင်မယားနှစ်ဦးတို့ငှားရမ်းနေထိုင်သည့် အမှတ်(၃၁)၊ အခန်း(၃-B)၊ ၃-လွှာ၊ ရတနာပုံလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက် ထွက်သွားခဲ့ပြီးနောက် ဖုန်းစာတိုမှတဆင့် ကျွန်ုပ်၏မိတ်ဆွေအား လင်မယားကွာရှင်းပြတ်စဲပေးပါရန် တောင်းဆိုခဲ့ပါကြောင်း၊ ထို့နောက် (၁၃.၁၁.၂၀၂၂) ရက်နေ့တွင် ဒေါ်မိုးမိုးခိုင် (ခ)မိုးမိုးနွယ် မှထပ်မံ၍ တယ်လီဖုန်း Viber မှတဆင့် ကွာရှင်းစာချုပ်ပြုလုပ်လက်မှတ်ထိုးပေးရန်တောင်းဆိုခဲ့ရာ ထိုစဉ်အချိန်တွင် ကျွန်ုပ်မိတ်ဆွေသည် ပြည်ပတွင်ရှိနေသဖြင့် ရန်ကုန်မြို့သို့ ပြန်ရောက်သည့်အခါ နှစ်ဘက်ညှိနှိုင်း ဆောင်ရွက်ပါမည်ဟု ပြောဆိုခဲ့ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေသည်(၁၄.၅.၂၀၂၃) ရက်နေ့တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာသည့်အခါ ဒေါ်မိုးမိုးခိုင်(ခ)မိုးမိုးနွယ်အား နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ရှာဖွေခဲ့သော်လည်း အဆက်အသွယ်မရဖြစ်နေခဲ့ပါကြောင်း၊ ဒေါ်မိုးမိုးခိုင် (ခ)မိုးမိုးနွယ်မှလည်း ကျွန်ုပ်မိတ်ဆွေထံသို့ တစ်စုံတစ်ရာအဆက်အသွယ်မလုပ် အဆက်အသွယ်ဖြတ်တောက်ထားပါကြောင်း ညွှန်ကြားချက်အရသိရှိရပါသည်။

ထို့ကြောင့် ဒေါ်မိုးမိုးခိုင်(ခ)မိုးမိုးနွယ် အနေဖြင့် ယခုသတင်းစာ ကြေညာချက်ပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဆက်သွယ်၍ မိမိတို့ဆန္ဒရှိကြသည့်အတိုင်း လာရောက်ညှိနှိုင်းဆောင်ရွက်ပါရန် နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ၏ သဘောဆန္ဒအတိုင်း တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ဖွယ်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်မိုးမိုးခိုင်(ခ)မိုးမိုးနွယ်နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသန့်ဇော်တိုး (ဝါးခယ်မ)
LL.B , D.M.L , D.B.L , D.IP.L
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၈၉၁/ ၁၇.၁.၂၀၁၇)
အမှတ် ၆၉၊ မိုးကောင်းလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၅၁၃ ၄၆၄၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်- ၄၁၄/ခ၊ ၁ ခန်းတွဲ ၆ ထပ်အဆောက်အဦ၏ တတိယထပ်၊ ၄ လွှာ တိုက်ခန်းကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုင်းအောင်ရှိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဗညားဟန် [၁၂/ဒဂမ(နိုင်)၀၂၁၅၄၅]က လက်ရောက်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဗညားဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်-၇၀၂ (မြေညီ)၊ ကျော်သူ (၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-254345746, 09-971811981**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၅၂၅)၊ သိမ်ဖြူလမ်း၊ (၈လွှာ/B)၊ (၁၅'x၁၀၀') အလယ်ခန်းတိုက်ခန်းအား လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ငွေရီ [၇/ပမန(နိုင်)၀၄၀၆၁၁] ထံမှ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁၅၁၉)၊ အောင်ဇမ္ဗူလမ်းနေ ဦးဟန်ဝင်းထွန်း [၁၂/မဂတ(နိုင်)၀၇၀၅၅၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ယနေ့ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဟန်ဝင်းထွန်း**
**[၁၂/မဂတ(နိုင်) ၀၇၀၅၅၆]**
**Ph: 09-972090185, 09-43118132**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ တိုက်အမှတ် (၃၂)၊ ၆ထပ်ရှိ ၄လွှာ (ဘီ)၊ (၁၂'x၅၀') ကျယ်ဝန်းသည့်တိုက်ခန်းအား ဦးထွန်းလှကျော် [၁၁/စတန(နိုင်)၀၁၅၁၁၀]နှင့် ကိုဝင်းထွန်းအောင် [၁၁/စတန(နိုင်)၀၅၈၁၄၇] ကိုင်ဆောင်သူများမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**အမှတ်(၁၀၀)၊ စိတ္တာသုခလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၉၀၀၃**

## ပျောက်ဆုံးကြောင်း

ဦးကျင့်လျှန်ထန်(ဘ) ဦးပွမ်ဇာနန်း [၈/ခမန(နိုင်)၀၀၅၂၈၁] ပိုင်ဆိုင်သော "လှိုင်သာယာမြို့နယ်၊ ၂၃/၂၆ ရပ်ကွက်၊ ရွှေလင်ဗန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းတိုက်ခန်း အဆောက်အအုံအမှတ်-၁၈၊ အခန်းအမှတ်(၃၀၅) တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးကျင့်လျှန်ထန်**
**ဖုန်း-၀၉-၄၀၃၀၁၁၂၂၂**

**မြေကွက်များ ဝယ်လိုသည်**
**ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း/ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက် ငွေချေစနစ် (ပွဲခ) ပေးရန်မလိုပါ။**
**09402438794**
**09898580954**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့နေ ဦးဝင်းဆွေ [၇/ကတခ (ဧည့်) ၀၀၀၀၈၇]၏ သားဖြစ်သူ အ.ထ.က ဖဒို၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဉာဏ်လင်းပြည့် (နှင့်) မောင်ဝိုင်းတေဇမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဉာဏ်လင်းပြည့် (ခ)**
**မောင်ဝိုင်းတေဇ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၂၃ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ (၂၃)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သိန်းသန်းအေး၏ ကန့်ကွက်နိုင်ကြောင်း ကြေညာတွင် ဖော်ပြထားသည့် ဒေါ်မီမီကျော်အစား ဒေါ်ဇင်မီမီကျော် ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့နယ်၊ အင်တောကျယ်ကျေးရွာအုပ်စု၊ အင်တောကျယ်ကျေးရွာ၊ ကွင်းအမှတ်- ၂၁၀၃၊ ကွင်းအမည်- အင်တောကျယ်ကွင်း၊ ဦးပိုင်အမှတ်- ၆၁/၁၊ ဧရိယာ (၁.၃၂)ဧကရှိ တောင်သူ ဦးသိန်းရီ အမည်ပေါက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုမြေစာရင်းပုံစံ(၇) ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းနှင့် ဒုတိယအကြိမ် မူရင်းပြန်လည်လျှောက်ထားသွားမည်ဖြစ်ပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်လိုသူမရှိပါက လျှောက်ထားသူက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| --- | --- |
| **ဦးသိန်းရီ** | **ဒေါ်ဆန်းဆန်းဝေ(စဉ်-၁၅၁၂၄)** |
| **အင်တောကျယ်ကျေးရွာ၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ကျောက်ပန်းတောင်းမြို့နယ်၊** | **တိုက်(စီစီ-၀၅၀၃)၊ ပြည်ရိပ်မွန် (၆)ရပ်ကွက်၊** |
| **မန္တလေးတိုင်းဒေသကြီး။** | **လှည်းတန်း၊ ကမာရွတ်မြို့နယ်။** |
| **Ph: 09-977838887** | **Ph: 09-977838120** |

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အခန်း(6/A)၊ အမှတ် (၇၉၁/က)၊ အကျယ်ပေ (၁၃ပေx၅၅ပေ)ရှိ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဂျူးသက်ချယ် [၇/ပခန(နိုင်)၃၈၃၁၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးသက်ပိုင်မှ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်တို့ဘက်မှ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးသက်ပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ပြည့်စန္ဒရှင် (အထက်တန်းရှေ့နေ) စဉ်-၂၅၆၈၉**
**အမှတ် (၁၆၉)၊ မြိတ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၄၂၀၀၅၇၁၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်- ၁၁၇၃၊ မင်းရဲကောင်းပုံလမ်း၊ ၁၀၄- ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၁၀၄၊ မြေကွက်အမှတ်- ၁၁၇၃၊ ဧရိယာ (၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်ဝင်း(ခ)နော်ဂူမူဒိန် [၁၂/မဂတ(နိုင်)၀၇၀၂၆၁] အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို တန်ဖိုးငွေအချို့အဝက် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## အမွေထိန်းသက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈) လှည်းကူးခရိုင်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် - ၁၃ ကွယ်လွန်သူ ဦးကိုကိုကြီး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်သန်းသန်းလွင် ... လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပ/စံပြရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် - ၂၅ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကိုကိုကြီး၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းလွင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆)ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၄ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကိုကိုကြီး၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆)ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၄ ရက်) နေ့ နံနက် (၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သန်းသန်းလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ် (၁၄)၊ အခန်းအမှတ် (၂၄)ကို မူလအမည်ပေါက် ဦးအောင်ကျော်မိုး [၁၂/ဗဟန(နိုင်)၀၅၆၆၂၉]ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်သန္တာစိန် [၁၃/ရစန(နိုင်)၀၄၂၄၄၀]က အမည်ပြောင်းလဲပြီး ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြကန်သာရပ်ကွက်၊ ကွင်းအမှတ်(၂၇၅-ခ)၊ ဘုရားချောင်းအရှေ့ကွင်း ဦးပိုင်အမှတ်(၃၀)၊ (၃၁)၊ (၃၂)၊ မြေအကျယ်(၀.၁၅၂)ဧကနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များကို မြောင်းမြမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတွင် ဦးသူရထွန်း [၁၄/ပသန(နိုင်)၁၈၂၅၄၄]မှ အမည်ပေါက်ပိုင်ဆိုင်ပါသဖြင့် ဦးသူရထွန်းထံမှ ကျွန်ုပ်တို့၏အမှုသည်က ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| **ဒေါ်ရီရီတင်(စဉ်-၁၉၉၅)** | **ဒေါ်ညိုမာမြင့်(စဉ်-၁၄၈၄၉)** |
| --- | --- |
| **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** | **တရားလွှတ်တော်ရှေ့နေ** |

**ရုံး- အမှတ်(၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း- ၀၉-၅၀၁၈၃၄၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေတိုင်းလမ်း၊ မြေကွက်အမှတ်(၁၁၄၃)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးခင်မောင်အေး (DKU-၁၀၁၇၅၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှလှထွေး [၉/မနတ(နိုင်)၀၀၂၆၂၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| --- | --- |
| **(LL.B, D.I.L)** | **(LL.B,D.B.L, D.I.L, WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၅)ရပ်ကွက်၊ မြခွာညိုလမ်း၊ မြေကွက်အမှတ်(၅၂၆/က)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးဝင်းရွှေ [၁၂/သဃက(နိုင်)၀၆၇၆၇၁] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဟန်ဇော်ဦး[၁၂/ခရန(နိုင်)၀၉၁၅၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| --- | --- |
| **(LL.B, D.I.L)** | **(LL.B,D.B.L, D.I.L, WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်အသိပေးကြေညာခြင်းနှင့် သတိပေးတားမြစ်ခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ social media (facebook) စာမျက်နှာပေါ်တွင် ဧရာဝတီတောင်သူ လယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (A bank)၏ Logo အမှတ်တံဆိပ်သာမက A bank ၏ တရားဝင် facebook page တွင် အသုံးပြုသော ဓာတ်ပုံ (images)များအား ၎င်းတို့၏ Page Profile ပုံအဖြစ် အသုံးပြု၍ **"A Bank ငွေချေးလုပ်ငန်း"**ဟူသော နာမည်ဖြင့် Account အတု၊ Page အတုများ (တစ်ခုထက်ပို၍) ပြုလုပ်၍ အများပြည်သူ၊ လူအများ ထင်ယောင်ထင်မှားဖြစ်စေရန် ကြံရွယ်၍ ငွေများလိမ်လည်နေသည်ကို တွေ့ရှိရပါသည်။ တချို့ ငွေကြေးလိမ်လည်ခံရသူများမှ ဘဏ်၏ Customer Service သို့ ဖုန်းဖြင့်ဆက်သွယ်၍ မေးမြန်းစုံစမ်းခြင်းများ၊ တိုင်တန်းခြင်းများလည်း ရှိခဲ့ခြင်းကြောင့် ဘဏ်၏နာမည်ဂုဏ်သတင်းကိုများစွာ ထိခိုက်နစ်နာစေပါသည်။ ထိုသို့သောအပြုအမူနှင့် လုပ်ရပ်များသည် ဘဏ်၏ အမည်ကောင်း ဂုဏ်သတင်း ပျက်ပြားစေရန် တမင်ရည်ရွယ်ချက်ရှိရှိ အဖွဲ့အစည်းအနေဖြင့် ပူးပေါင်းကြံစည်ခြင်းဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။ သို့ဖြစ်ပါ၍ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (A bank)၏ ဂုဏ်သရေရှိ Customers များနှင့် အများပြည်သူတို့အား ထင်ယောင်ထင်မှား မဖြစ်ကြပါရန်နှင့် **"A Bank ငွေချေးလုပ်ငန်း"** ဟူသော နာမည်ဖြင့် Account အတု၊ Page အတုများ (တစ်ခုထက်ပို၍) အသုံးပြုနေသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ ယခုမှစ၍ Page များကို ဖျက်သိမ်းရန်၊ နောက်နောင် ဆက်လက်မပြုလုပ်ရန် ပြင်းထန်စွာသတိပေး တားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်ခြင်းများ တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းဖြင့် တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်းထန်စွာ သတိပေးလိုက်ပါသည်။

**ဧရာဝတီတောင်သူလယ်သမားများဘဏ်**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (A bank)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်း(MSME)များကို ရေရှည်အာမခံချက် ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန် များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့် အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ် လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရတည်ငြိမ် အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ် . . .**

❖ **အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ် . . .**

❖ **နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ . . .**

❖ **အကြမ်းဖက်မှုဖြစ်စဉ်များ လျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိ . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်သော မကွေး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာ စကားပြောကြားမှုမှ ကောက်နုတ်ချက်)




# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂

တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြေးခုန်ပစ် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ယမန်နေ့က **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ○

# ၂၀၂၃ ခုနှစ် နွေရာသီဖိတ်ခေါ် U-25 အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၂၃ ခုနှစ် နွေရာသီဖိတ်ခေါ် U–25 အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်း ဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ နာယက၊ မြန်မာ နိုင်ငံတရုတ်ကုန်သည်ကြီးများ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ✻



**ယနေ့** ဖတ်စရာ

**(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများကို ကြိုဆို နှုတ်ဆက်ခြင်းအခမ်းအနား ကျင်းပ** စာမျက်နှာ » ၁၅

**KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့၌ သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရ** စာမျက်နှာ » ၁၇